၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.798, JANUARY 23, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## ဒေါ်အောင်ဆန်းစုကြည်၏ကြိုးပမ်းနေမှုကို ဝန်ကြီးကလင်တန် ထောက်ခံအားပေး

**VOA ၊ ဇန်နဝါရီ ၁၉ ။** ။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Hillary Clinton က မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဗုဒ္ဓဟူးနေ့က တယ်လီဖုန်းဆက်ပြီး မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ဒီမိုကရေစီ ရရှိဖို့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြိုးပမ်းအားထုတ်နေမှုကို အမေရိကန်နိုင်ငံက ထောက်ခံအားပေးတဲ့အကြောင်း ထပ်လောင်းပြောဆိုလိုက်ပါတယ်။

ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလ ၁၃ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်က လွတ်မြောက်ခဲ့တဲ့ အချိန်ကစလို့ ဒီ တယ်လီဖုန်းဆက်သွယ်မှုဟာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကလင်တန်နဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်တို့ ၂ ဦးကြား ပထမဆုံး တိုက်ရိုက်စကားပြောဆို ဆက်သွယ်မှုဖြစ်ပါတယ်။ နိုင်ငံခြားရေးဝန်ကြီးကလင်တန်က ယခင် ဒီဇင်ဘာလ အစောပိုင်းကတော့ ဒေါ်အောင်ဆန်းစုကြည်ကို စာရေးသားပေးပို့ခဲ့ပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့ တယ်လီဖုန်း ဆက်သွယ်မှုကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ P.J Crowley က Twitter လူမှုဆက်သွယ်ရေး အင်တာနက် စာမျက်နှာပေါ်မှာ သတင်းထောက်တွေကို ပထမဆုံးထုတ်ဖော် ပြောဆိုခဲ့တာဖြစ်ပါတယ်။

နိုင်ငံခြားရေးဝန်ကြီး ကလင်တန်က ဒေါ်အောင်ဆန်းစုကြည်ကို ဒီနေ့ တယ်လီဖုန်းနဲ့ဆက်သွယ်ပြီး မြန်မာနိုင်ငံမှာ ဒီမိုကရေစီအရေး တိုးတက်ဖို့နဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ ပိုပြီးခိုင်မာအားကောင်းလာအောင် ဆောင်ရွက်ဖို့ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ လက်တွဲဆောင်ရွက်ဖို့ အမေရိကန်နိုင်ငံအနေနဲ့ ကတိပြုလိုက်ပါတယ်လို့ အဲဒီ အရာရှိကြီးက ပြောပါတယ်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အဆင့်မြင့် အရာရှိကြီး တဦးက ဗွီအိုအေနဲ့ပြောဆိုရာမှာ ၁၀ မိနစ်ခန့်ကြာတဲ့ အဲဒီ တယ်လီဖုန်းပြောဆိုမှုဟာ ဒီဇင်ဘာလက နိုင်ငံခြားရေးဝန်ကြီးရဲ့ စာရေးသားဆက်သွယ်မှုနဲ့ ပြီးခဲ့တဲ့လက အရှေ့အာရှနဲ့ ပစိဖိတ်ရေးရာ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Joseph Yun က ဒေါ်အောင်ဆန်းစုကြည်ထံ သွားရောက်ခဲ့တဲ့ တွေ့ဆုံမှုအပြီး နောက်ဆက်တွဲ ဆောင်ရွက်ချက်ဖြစ်တယ်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံမှာရှိတဲ့ အမေရိကန်သံရုံးသံတမန်တွေနဲ့ မြန်မာနိုင်ငံကိုသွားရောက်မယ့် အမေရိကန်ပြည်ထောင်စုရဲ့ တခြားအဆင့်မြင့် အစိုးရအရာရှိတွေ ဒေါ်အောင်ဆန်းစုကြည်နဲ့ နောက်ဆက်တွဲတွေ့ဆုံမှုတွေရှိမှာဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ရှေ့ကိုတိုးပြီး လုပ်ငန်းဆောင်ရွက်နိုင်ဖို့ ကူညီပေးနိုင်မယ့် နည်းလမ်းတွေကို ရှာဖွေမယ်လို့ အမေရိကန်ပြည်ထောင်စုက ဆုံးဖြတ်ချက်ချထားပါတယ်လို့ နိုင်ငံခြားရေးဝန်ကြီး ဟီလာရီ ကလင်တန်ကပြောဆိုတဲ့ အကြောင်း အဲဒီအဆင့်မြင့်အရာရှိက ပြောပါတယ်။

တဆက်တည်းမှာပဲ ဒေါ်အောင်ဆန်းစုကြည်က သူမရဲ့လက်ရှိ အနေအထားနဲ့ ဆောင်ရွက်ချက်တွေကို ဝန်ကြီးကလင်တန်နဲ့ဆွေးနွေးခဲ့ပြီး အသေးစိတ်ကိုတော့ သူ့အနေနဲ့ ပြောဆိုမှာ မဟုတ်ဘူးလို့ အမေရိကန် အဆင့်မြင့်အရာရှိကြီးက ပြောဆိုလိုက်ပါတယ်။

**နအဖစစ်တပ်ကိုယ်စားလှယ်တွေအနေနဲ့ ဒီမိုကရေစီဖော်ဆောင်နိုင်မှာမဟုတ်** — စာမျက်နှာ ၃
**ပြည်သူ့ စစ်မှုထမ်းရေး ဥပဒေ လွှတ်တော်လုပ်ပိုင်ခွင့်ကို ထိပါးရာရောက်** — စာမျက်နှာ ၅
**ဒေါ်အောင်ဆန်းစုကြည်၏ ကြိုးပမ်းမှုတွေကို ထိုင်းက ကူညီမည်ဟုဆို** — စာမျက်နှာ ၈
**တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ ပြင်ဆင်ဆောက်လုပ်မှုမပြီးသေး** — စာမျက်နှာ ၁၂
**ပါလီမန်ဒုဥက္ကဋ္ဌတဦး တိုင်းရင်းသားတဦးအား ရွေးချယ်ရေးအဆို တစည ထောက်ခံ** — စာမျက်နှာ ၁၅
**စီးပွားရေးပိတ်ဆို့မှုနှင့် ပတ်သက်ပြီး ဦးဝင်းတင်၏ အမြင်နှင့် အယူအဆ** — စာမျက်နှာ ၁၈

VOB အာဘော်

# ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကိုယ်စားလှယ်များ

မြန်မာစစ်အာဏာပိုင်များက ၂၀၁၀ ရွေးကောက်ပွဲရလဒ်ပေါ်အခြေခံကာ ပြည်သူ့လွှတ်တော်ကို ဇန်နဝါရီ ၃၁ ရက်မှ စတင်ကျင်းပမည်ဖြစ်သည်။ လူထုက ရွေးချယ်လိုက်သည့်လူထုကိုယ်စားပြုအမတ်များလည်း လွှတ်တော်တက်ရန် ပြင်ဆင်နေကြပြီဖြစ်သည်။ နိုင်ငံ၏အရေးအရာများကို လွှတ်တော်တွင်းအကျေအလည်ဆွေးနွေးမှုများဖြင့် အတည်ပြုချမှတ်နိုင်လိမ့်မည်ဟု မျှော်လင့်ထားသလို ဒေသန္တရအခြေပြုပါတီများ၏အမတ်များကလည်း ဒေသအရေး ဒေသအခြေအနေပြောင်းလဲတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်လိမ့်မည်ဟု မျှော်လင့်ချက်များမြင့်တက်လျက်ရှိသည်။

၁၉၉၀ ခုနှစ်က ရွေးကောက်ပွဲတရပ်ကို အောင်အောင်မြင်မြင်ကျင်းပခဲ့ပြီး ပြည်တွင်းပြည်ပအားလုံးက အသိအမှတ်ပြု လက်ခံခဲ့ကြသော်လည်း စစ်အာဏာရှင်များက ၎င်းတို့ကျင်းပခဲ့သောရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရန် ငြင်းဆန်နေခဲ့သည်။ သို့သော် ယခုတကြိမ်တွင်မူ ရွေးကောက်ပွဲရလဒ်ကို လက်တွေ့အကောင်အထည်ဖော်နေပြီဖြစ်သည်။

၁၉၉၀ ရွေးကောက်ပွဲပြုလုပ်ခဲ့စဉ်က စစ်အစိုးရသည် ဒိုင်လူကြီးလုပ်ခဲ့သည်။ ယခု ၂၀၁၀ ရွေးကောက်ပွဲတွင် ကိုယ်တိုင်ပါဝင်ခဲ့သည်။ ကိုယ်တိုင်ပါဝင်ရုံမက မိမိ၏လက်အောက်ခံတပည့်များကို ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်သည့် ကိုယ်စားလှယ်ဖြစ်သော မိုးကျရွှေကိုယ်စစ်ဗိုလ်အမတ်များက လွှတ်တော်တွင်းနေရာဝင်ယူကြမည်ဖြစ်သည်။ ထိုသို့နေရာယူနိုင်ရန် စစ်အာဏာရှင်အကြိုက်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားသည်။

လွှတ်တော်တွင်းအမတ်နေရာဝင်ယူထားသော အဆိုပါစစ်ဗိုလ်များသည် မြန်မာတပြည်လုံးနှင့်သက်ဆိုင်သော အရေးကိစ္စများကို ဥပဒေများပြဌာန်းသည့်အလုပ်၊ ပြင်ဆင်သည့်အလုပ်များကို လုပ်ကြရလိမ့်မည်။ ထိုသူများ၏ဘဝတလျှောက်တွင် လုပ်ဆောင်ခဲ့သောအလုပ်မှာ စစ်ရေးစစ်ရာများဖြစ်သည်။ သို့သော်ထိုသူများသည် ယခုအခါ ဥပဒေပြုလုပ်ငန်းများကို လုပ်ဆောင်တော့မည်။

ပြည်သူလူထုကိုကိုယ်စားမပြု၊ ကာကွယ်ရေးဦးစီးချုပ်ကို ကိုယ်စားပြုသောသူများက လွှတ်တော်တွင်းဆွေးနွေးမှု၊ ဆုံးဖြတ်မှုများပြုရာတွင် ကာကွယ်ရေးဦးစီးချုပ်၏သဘောထား၊ အမြင်၊ ဆန္ဒကို ထင်ဟပ်သောအရာများကိုသာ ပြောဆိုဆွေးနွေး ကြဖွယ်ရှိသည်။ လွှတ်တော်တွင် လူထုကိုကိုယ်စားပြုသူများနှင့် လူတဦးကို ကိုယ်စားပြုသူများ အကျိုးစီးပွားခြင်းပဋိပက္ခ ဖြစ်ဖွယ်ရာရှိသည်။ မြန်မာနိုင်ငံသားအားလုံး မည်သည့်နေရာတွင် လုပ်ကိုင်နေသည်ဖြစ်စေ ဒီမိုကရေစီဆိုသည့် သဘောတရားနှင့် အခြေခံများကို ပြည်သူလူထုအတွက် လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်သည်နှင့်အမျှ နိုင်ငံ၏ နိုင်ငံရေးအခြေအနေသည်လည်း တည်ငြိမ်ကာ စီးပွားရေးတိုးတက်ရေး၊ လူမှုရေးကောင်းမွန်ရေးတို့အတွက် အထိရောက် ဆုံးဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုတာဝန်ကို ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်ထားသည့် လွှတ်တော်တက်စစ်ဗိုလ်များ ဆောင်ရွက်နိုင်သည့်အရည်အချင်းရှိမည်လောဟု မေးခွန်းထုတ်လုပ်ရပေသည်။

# နအဖစစ်အုပ်စုကို ဒဏ်ခတ်မှု အမေရိကန်ရုပ်သိမ်းမှာ မဟုတ်ဟုဆို

**VOA ၊ ဂျန်နဝါရီ ၂၂ ။** ။ မြန်မာနိုင်ငံအပေါ် တားဆီးပိတ်ဆို့မှုတွေ ဒဏ်ခတ်ထားတာကိုလောလောဆယ်ရုပ်သိမ်းပေးဖို့အစီအစဉ်မရှိဘူးလို့ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက သောကြာနေ့ကပြောဆိုလိုက်ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီးအပြည့်စုံကိုဒေါ်ခင်စိုးဝင်းက တင်ပြထားပါတယ်။

မြန်မာနိုင်ငံအပေါ်မှာတားဆီးပိတ်ဆို့မှုတွေနဲ့ဒဏ်ခတ်ထားတာကို ရုပ်သိမ်းပေးရေးအတွက် အာဆီယံနိုင်ငံတွေကရော၊ ပြည်တွင်းက နိုင်ငံရေးပါတီတွေကပါ တောင်းဆိုသံတွေ ဆူဆူညံညံထွက်ပေါ်လာတဲ့အချိန်မှာအမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကအခုလိုပြောဆိုလိုက်တာပါ။ အမေရိကန်ပြည်ထောင်စုက မြန်မာစစ်အစိုးရအပေါ် စီးပွားရေးပိတ်ဆို့မှုတွေနဲ့ပတ်သက်ပြီး သက်ဆိုင်သူတွေနဲ့ပုံမှန်ဆွေးနွေးမှုတွေရှိနေပြီး ထိရောက်မှုနဲ့ အကျိုးသက်ရောက်မှု အတိုင်းအတာတွေကိုလည်း မျက်ခြေမပျက် အကဲခတ်သုံးသပ်နေတဲ့အကြောင်းကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် ပီဂျေခရော်လီ (P.J Crowley) က သောကြာနေ့ ပုံမှန်သတင်းစာရှင်းလင်းပွဲမှာ အခုလို ပြောဆိုလိုက်ပါတယ်။

"မြန်မာပြည်သူလူထုရဲ့ အကျပ်အတည်းတွေကို စာနာစိတ်နဲ့စိုးရိမ်မကင်းဖြစ်ရပေမဲ့ ဒီမိုကရေစီရေးကို လုံးဝပစ်ပယ်ပြီးလူ့အခွင့်အရေးလေးစားလိုက်နာမှုမရှိတဲ့ တာဝန်အရှိဆုံးလူတွေအပေါ်ကို အထူးပစ်မှတ်ထားပြီး အမေရိကန်ပြည်ထောင်စုက ပိတ်ဆို့မှုတွေနဲ့ဒဏ်ခတ်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးချွတ်ခြုံကျရတာဟာ စစ်အစိုးရမှာလုံးဝတာဝန်ရှိပါတယ်။ အဂတိလိုက်စားမှုတွေကို ခေါင်းဆောင်ပိုင်းကနေ စနစ်တကျကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေပြီး သဘာဝသယံဇာတ အရင်းအမြစ်တွေကိုလည်း လူထုကို အသိမပေးဘဲ ကိုယ့်သဘောနဲ့ကိုယ် အလျဉ်းသင့် အလွမ်းသင့်သလို ရောင်းချနေကြတာပါပဲ။"

မြန်မာနိုင်ငံမှာဒီမိုကရေစီရေးပြုပြင်ပြောင်းလဲမှုတွေ ဖြစ်ထွန်းအောင်နိုင်ငံရေးအကျဉ်းသားတွေအားလုံး လွှတ်ပေးရေး၊ ဒီမိုကရေစီအတိုက်အခံတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ စစ်မှန်တဲ့အနှစ်

**စာမျက်နှာ ၇ သို့**

# နအဖစစ်တပ်ကိုယ်စားလှယ်တွေအနေနဲ့ ဒီမိုကရေစီဖော်ဆောင်နိုင်မှာမဟုတ်

**VOA ၊ ဂျန်နဝါရီ ၂၁ ။** ။ မြန်မာစစ်အစိုးရက စိတ်ကြိုက်ရွေးချယ်ခန့်အပ်ထားတဲ့ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အမည်စာရင်းကို မနေ့က ထုတ်ပြန်ကြေညာလိုက်ပါတယ်။ ဒါပေမဲ့ ဒီကိုယ်စားလှယ်တွေဟာ စစ်တပ်ကလာတဲ့ သူတွေ ဖြစ်တဲ့အတွက် စစ်တပ်ထဲကအတိုင်းပဲ အထက်ကညွှန်ကြားတဲ့အတိုင်း လိုက်လုပ်ကြမယ့် ကိုယ်စားလှယ်တွေဖြစ်တယ်လို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်း NLD ဒုဥက္ကဋ္ဌဦးတင်ဦးက ပြောပါတယ်။

ဇန်နဝါရီလ ၃၁ရက်နေ့မှာခေါ်ယူကျင်းပတော့မယ့်ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော်နဲ့တိုင်းဒေသကြီးလွှတ်တော်တွေအတွက် စစ်တပ်က ရွေးချယ်ခန့်အပ်ဖို့ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းနဲ့ ညီမျှတဲ့ ကိုယ်စားလှယ် ၃၈၈ ယောက်ရဲ့ အမည်စာရင်းကို စစ်အစိုးရက မနေ့က ထုတ်ပြန်ခဲ့တာပါ။

ဒီမိုကရေစီစံနစ်ဖော်ဆောင်ရေးအတွက် လမ်းပြမြေပုံ ၇ ချက်ချမှတ်ပြီး အကောင်အထည်ဖော်နေတဲ့ နောက်ဆုံးအဆင့်ဖြစ်တဲ့ လွှတ်တော်ခေါ်ရေးအဆင့်ကို ရောက်လာနေပြီဖြစ်ပေမဲ့ တပ်မတော်သားကိုယ်စားလှယ်တွေဟာ စစ်မှန်တဲ့ဒီမိုကရေစီစံနစ်အတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ အထက်က ညွှန်ကြားချက်ကိုပဲ နာခံကြရမှာဖြစ်တယ်လို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်းလည်းဖြစ်၊ NLD ပါတီရဲ့ဒုဥက္ကဋ္ဌလည်းဖြစ်တဲ့ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးက ပြောပြပါတယ်။

"အမှန်ကတော့ဗျာ၊ တပ်ဆိုတာကတော့ အမိန့်နာခံတာပဲရှိတာကိုးဗျ။ အဲတော့ အမိန့်နာခံတာနဲ့ပတ်သက်လို့ အထက်က အကြီးအကဲပုဂ္ဂိုလ်က ဘာလုပ်ရမယ်လို့ပြောလိုက်ရင် လုပ်ပေးကြရမှာပေါ့။ အဲဒီအတိုင်းပဲ သွားတာပဲလေ။ စဉ်းစားတာ၊ ဆွေးနွေးတာတော့ ရှိရင်ရှိမယ်ပေါ့။ဒါပေမဲ့ရှိသော်လည်းစစ်ဗိုလ်ကြီးကထိပ်တန်းကပုဂ္ဂိုလ်ကြီးက လွှတ်တော်ကို ကြီးစိုးတာမျိုးဆိုဘယ်ကောင်းမလဲ။ အခုပုံစံကတော့ လွှတ်တော်ကို ပြည်သူလူထုက ထိန်းချုပ်ရမဲ့အစား ပြည်သူလူထုနဲ့တကွ အားလုံးကို လွှတ်တော်က ကြီးစိုးရမယ့်ပုံဖြစ်နေတော့ အဲဒီသူ့ရဲ့ သဘောသဘာဝ ဆုံးဖြတ်ချက်အပေါ်မူတည် ပြီးတော့ကျန်တဲ့သူတွေကလည်း အကုန်လုံးလက်ညှိုးထောင် ခေါင်းညိတ်ရတော့မယ့်သဘောပဲ။ ဒါကြောင့်မို့ ကျနော်ပြောပါတယ်။ ဒီဥစ္စာက ပုံသဏ္ဌာန်အားဖြင့်ဆိုရင်တော့ စစ်ရဲ့ပုံသဏ္ဌာန်ပါပဲလို့။ သိပ်တော့ ထူးခြားနားမှာမဟုတ်ပါဘူး ဆိုတာကို ကျနော် ပြောထားပြီးသားပဲ။"

စစ်တပ်ရဲ့ ကျောထောက်နောက်ခံပေးမှုနဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီဟာ အမတ်နေရာ ၈၀ ရာခိုင်နှုန်းကျော်ကိုအနိုင်ရထားတဲ့အပြင် စစ်တပ်က စိတ်ကြိုက်ရွေးချယ်ထားတဲ့ တပ်မတော်သားတွေကို လွှတ်တော်ကိုယ်စားလှယ်ဦး စုစုပေါင်းရဲ့ ၂၅ ရာခိုင်နှုန်းကို အခုလိုအမတ်အဖြစ် ခန့်အပ်လိုက်တာကြောင့် တပ်မတော်ကြီးစိုးရေးလမ်းစဉ်ကိုပဲ ဆက်သွားနေတယ်ဆိုတာ ပေါ်လွင်စေတယ်ဆိုပြီး အများက မေးခွန်းထုတ်နေကြတာပါ။

စစ်တပ်က တသွေး၊ တသံ၊ တမိန့်ဆိုတာကို အရိုးစွဲအောင် သင်ကြားပို့ချထားတာကြောင့် အထက် ညွှန်ကြားချက်တွေကို လွန်ဆန်ပြီး သူတို့အနေနဲ့ လွှတ်တော်အတွင်း ဘယ်လောက် လွတ်လွတ် လပ်လပ် ဆောင်ရွက်နိုင်မယ်ဆိုတာ မသေချာသေးပါဘူး။

"အမိန့်နာခံမှုက သူတို့က အရိုးထဲမှာ စွဲပြီးတော့ လာခဲ့ရတာကိုးဗျ။ သူတို့စစ်တပ်ဆိုတာကလည်း ငါတို့တွေ နိုင်ငံတော်ရဲ့အမိန့်ကို ကျေပွန်စွာထမ်းဆောင်ပါ့မည်ဆိုတာက သိပြီးသားဆိုတော့ ဒါကြီးက စပြီးတော့ တပ်ထဲကိုဝင်ကတည်းက သံမှိုရိုက်နက်သလို ပါထားတာ ဖြစ်တော့ အဲဒီအပေါ်မှာ ဘယ်လောက်ဆွေးနွေးခွင့်ရလို့ ဘယ်လောက်ပြုပြင်ခွင့်ရမလဲဆိုတာကတော့ စောင့်ကြည့်ရမှာပေ့ါဗျာ။"

မြန်မာနိုင်ငံလိုပဲ စစ်အာဏာရှင်စံနစ်ကနေ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို တဖြည်းဖြည်းဖော်ဆောင်ခဲ့တဲ့ နိုင်ငံကတော့အင်ဒိုနီးရှားနိုင်ငံဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံက ကျင့်သုံးခဲ့တဲ့ အသွင်ကူးပြောင်းရေးအစီအစဉ်နဲ့ မြန်မာစစ်အစိုးရက လက်ရှိအကောင်အထည်ဖော်နေတဲ့ ဒီမိုကရေစီစနစ်အသွင်ကူးပြောင်းရေးတို့ရဲ့ ကွာခြားချက်ကတော့ အင်ဒိုနီးရှားက လွှတ်တော်အတွင်း စစ်တပ်ရဲ့ ပါဝင်ပတ်သက်မှု တဖြည်းဖြည်းချင်း လျှော့ချသွားမယ်ဆိုတာကို ဖွဲ့စည်းပုံထဲမှာတရားဝင်ထည့်သွင်းဖော်ပြထားပြီး အဲဒီအတိုင်းလည်း လက်တွေ့အကောင်အထည်ဖော်ခဲ့တဲ့ ဖြစ်ရပ်ပါ။

"အင်ဒိုနီးရှားကတော့ သူတို့စစ်တပ်အင်အားကနေ အစိုးရဝင်ပေမဲ့လို့ ပုံသဏ္ဌာန်ကကိုက တဖြည်းဖြည်း သိသိသာသာလျှော့သွားမယ့်ပုံစံကို အတိအလင်း ထင်ထင်ရှားရှားပြပြီးမှ သွားတာကိုး ဗျ။ အမှန်က ဖြစ်သင့်တာက ဘယ်လိုလဲဆိုတော့ သူတို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခု ၂၅ ရာခိုင်နှုန်း ယူတယ်ပေ့ါဗျာ။ နောက်ပြီးတော့လည်းပဲ one term (ပထမတကျော့) ပြီးတဲ့အခါမှာ ၁၀ ရာခိုင်နှုန်း အထိလျှော့မယ်ဗျာ။ နောက်တခါကျရင် လုံးဝမပါစေရဘူးဗျာ၊ အဲဒီလိုမျိုး ထင်ထင်ရှားရှားပါသွားရင်တော့ ကောင်းတာပေ့ါ။ အခုဟာက ဒီလိုဟာမျိုးရဲ့ ကတိကဝတ်ပြုတာတွေကလည်းမရှိတော့ ဘယ်လောက်အထိအတိုင်းအတာနဲ့ဆက်ပြီး ဒီလိုပဲသွားမလဲဆိုတာက မပြောတတ်ဘူးပေ့ါဗျာ။"

တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဟောင်းလည်းဖြစ်၊ NLD ပါတီရဲ့ ဒုဥက္ကဋ္ဌလည်းဖြစ်တဲ့ ဗိုလ်ချုပ်ကြီးဟောင်း ဦးတင်ဦးကပြောပြခဲ့တာပါ။

အခု တပ်မတော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရတဲ့ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နဲ့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၃၈၈ ဦးထဲက ၃၅ ဦးကလွဲလို့ ကျန်ကိုယ်စားလှယ်အများစုဟာ ကြည်းတပ်က ကိုယ်စားလှယ်တွေဖြစ်ပါတယ်။

**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

# ချင်းပြည်နယ်မှ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဆရာဝန်များထုတ်ဖော်

**RFA ၊ ဂျန်နဝါရီ ၁၉ ။** ။ ချင်းပြည်နယ်အတွင်း မြို့နယ် ၉ မြို့နယ်က အိမ်ထောင်စုတွေကို စစ်တမ်းကောက် လေ့လာချက်အရ တနှစ်တာကာလအတွင်း စစ်တပ်နဲ့ အာဏာပိုင်တွေက ကျူးလွန်တဲ့ ဆိုးဝါးတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှု ၁၈၀၀ နီးပါး တွေ့ရှိခဲ့တယ်လို့ အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ်အခြေစိုက် လူ့အခွင့်အရေးအတွက် ဆရာဝန်များအဖွဲ့ Physicians for Human Rights (PHR) အဖွဲ့က ဇန်နဝါရီ ၁၉ ရက်နေ့မှာ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

ဘာသာရေး ဖိနှိပ်မှုများကြောင့် မြန်မာနိုင်ငံမှ ထွက်ပြေးလာပြီး အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ခိုလှုံနေထိုင်နေသော ချင်းတိုင်းရင်းသား သားအမိနှစ်ဦးကို ခရစ်တော် လက်ဝါးကပ်တိုင်ပုံ ချိတ်ဆွဲထားသည့် လူနေခန်းတခုတွင်နေကြရတာဖြစ်ပါသည်။

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ပြုလုပ်မဲ့ မြန်မာနိုင်ငံအပါအဝင် ကုလသမဂ္ဂက စောင့်ကြည့်အစီရင်ခံနေတဲ့ နိုင်ငံတွေနဲ့ နှစ်ပတ်လည်ဆွေးနွေးပွဲ မတိုင်မီ တပတ်အလိုမှာ ဒီအစီရင်ခံစာကို ထုတ်ပြန်လိုက်တာဖြစ်ပါတယ်။

'မြန်မာနိုင်ငံ ချင်းပြည်နယ်က လူသားထုအပေါ်ကျူးလွန်တဲ့ ရာဇဝတ်မှုသက်သေအထောက်အထားများ'လို့ တိုက်ရိုက် အဓိပ္ပာယ်ရတဲ့ အစီရင်ခံစာမှာ ၂၀၀၉-၂၀၁၀ တနှစ်တာကာလအတွင်း ချင်းပြည်နယ်က မြို့နယ် ၉ မြို့နယ်မှာ လူဦးရေအလိုက် ကွင်းဆင်းစစ်တမ်းကောက်ယူခဲ့ရာမှာဆိုးဝါးတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှု ၁၇၆၈ မှု တွေ့ရှိရပြီး စစ်သားတွေက သတ်ဖြတ်ခဲ့မှု ၆ မှု၊ လူပျောက်ဆုံးမှု ၂၉ မှု၊ ညှဉ်းပန်းနှိပ်စက်ခံရမှု ၂၃ မှု၊ လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးမှု ၁၇ မှု တွေ့ရှိခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ဒီအစီရင်ခံစာ ပြုစုရေးသားရာမှာ ပါဝင်သူတဦးဖြစ်တဲ့ အမေရိကန်ပြည်ထောင်စု Johns Hopkings တက္ကသိုလ်က ပါမောက္ခ Dr. Chris Beyrer က ဒီအစီရင်ခံစာ တွေ့ရှိချက်တွေဟာ ချင်းပြည်နယ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ရှိနေတယ်ဆိုတာ သိပ္ပံနည်းကျစာရင်းအချက်လက်နဲ့ သက်သေပြလိုက်တာပါလို့ RFA ကို ပြောပါတယ်။

ဒီအစီရင်ခံစာက ဒီချင်းပြည်နယ် ဝေးလံခေါင်သီတဲ့ ဒေသတွေအတွင်း အစိုးရအာဏာပိုင်တွေက ကျူးလွန်နေတဲ့ လူ့အခွင့်အရေးချိုးဖောက်တွေ မယုံနိုင်စရာ အခြေအနေအထိဆက်ပြီး ရှိနေတယ်ဆိုတာကို ပြသနေပါတယ်။ ချင်းပြည်သူတွေဟာ လက်ရှိ စစ်အာဏာပိုင်တွေ လက်အောက်မှာ မကြုံစဖူး လူ့အခွင့်အရေးချိုးဖောက်မှုတွေခံစားနေပါတယ်။ ဒီကျူးလွန်နေတာတွေ ရပ်တန့်သင့်ပါတယ်။ နောက်ဒီပြစ်မှု ကျူးလွန်ဖို့ ခိုင်းစေသူနဲ့ ကျူးလွန်သူတွေကိုလည်း စုံစမ်းဖော်ထုတ်အရေးယူဖို့ လိုအပ်ပါတယ်လို့ ပြောပါတယ်။

ဒီအစီရင်ခံစာ ပြုစုထုတ်ပြန်တဲ့ PHR အဖွဲ့ဟာ ၁၉၉၇ ခုနှစ်က မြေမြှုပ်မိုင်း ပပျောက်ရေးလှုပ်ရှားမှုနဲ့ ငြိမ်းချမ်းရေး နိုဘယ်လ်ဆု ပူးတွဲချီးမြှင့်ခံရတဲ့ လူ့အခွင့်အရေးအဖွဲ့ ဖြစ်ပါတယ်။

လူ့အခွင့်အရေးအတွက် ဆရာဝန်များအဖွဲ့ (PHR) ရဲ့ ချင်းပြည်နယ်က လူ့အခွင့်အရေးချိုးဖောက်မှုများ အကြောင်း စာရင်းပြုစုထားတဲ့ အစီရင်ခံစာ ထွက်ပေါ်လာတာကို ဗြိတိန်အခြေစိုက် ခရစ်ယာန် သွေးစည်းညီညွတ်ရေးအဖွဲ့ (CSW) နဲ့ ကနေဒါအခြေစိုက် ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) တို့က ကြိုဆိုလိုက်ပါတယ်။

# အဆိုတော်များ နာရေးကူညီမှုအသင်း အလှူရှင်များအတွက် ဗွီဒီယို ရိုက်ကူး

**MIZZIMA ၊ ဂျန်နဝါရီ ၂၀ ။** ။ လူမှုရေးနှင့် ငြိမ်းချမ်းရေး အမည်ရ တေးသီချင်းအပုဒ် ၃၀ ကို အဆိုတော်နှင့် ဂီတပညာရှင် ၂၀ ခန့် သီဆို၍ နာရေးကူညီမှုအသင်း (ရန်ကုန်) အလှူရှင်များသို့ ဂုဏ်ပြုလက်ဆောင်ပေးရန် ဗီစီဒီ ရိုက်ကူးနေကြသည်။

အသင်းလုပ်ဆောင်ချက်၊ ပေးဆပ်မှုမြင်ကွင်းများဖြင့် ပုံဖော်ရိုက်ကူးကာ အလှူရှင်များအတွက် အကန့်အသတ်ဖြင့် ပြန်လည်ပေးဝေရန် မနေ့မှစ၍ ရိုက်ကူးခြင်းဖြစ်သည်။ သီချင်း ၃၀ ကို ဗီစီဒီ ၃ ခွေ ထုတ်လုပ်မည် ဖြစ်သည်။

အဆိုတော်ခေါင်းဦးလှိုင်ပါဝင်ရေးသားကာ ကိုရဲလွင်(မဖျိုမလှိုင်း)၊ အလင်္ကာ (Metal Zone)၊ နိုင်ဇော် (Lazy Club)၊ BK+2 (Hip Hop) တို့ တီးခတ်ထားပြီး ကျားပေါက် (Big Bag)၊ သားထွေး၊ ကောင်း ပြည့်၊ ရိန်မိုး၊ ရည်မွန်လမင်းနှင့် ပါဝင်သီဆိုထားသည်။ အသံဖမ်းအင်ဂျင်နီယာများ၊ အသံဖမ်းစတူဒီယိုများအပါအဝင် အားလုံးက အနုပညာဒါနပြုထားသည်။

"လူမှုရေးတွေ၊ကောင်းမှုကုသိုလ်တွေဆောင်ရွက်နေတဲ့သူတွေ ဆက်ပြီးတော့ အားကျိုးမာန်တက် ပျံသန်းသွားဆိုတာက - ကဗျာအသေးလေး၊ စာအသေးလေးနဲ့ လူမှုရေးလုပ်ငန်းတွေကို ဆက်လုပ်ကြပါ၊ အားကျိုးမာန်တက်နဲ့ဆက်လုပ်ကြပါ၊ ဆက်လုပ်နိုင်ကြပါစေလို့ တိုက်တွန်းတဲ့ သဘောနဲ့ရေးစပ်ခဲ့တာပါ" ဟု ခေါင်းဦးလှိုင်က မဇ္ဈိမကို ပြောသည်။

ရန်ကုန်လူထုအကြား အားကိုး အားထားပြုနေရသော နာရေးအသင်းအတွက် ယခင်ကလည်း စိုးသိန်း (ရေး/ဆို)၊ မေခလာ၊ နှင်းဇေကရီ၊ စိုးပိုင်၊ မေရွက်ဝါ၊ အနဂ္ဂ၊ ဂျေမီ၊ ချစ်စိုး၊ ချမ်းအေးဝင်း၊ ချိုချို၊ RT (အာတီ)၊ ဘိုလေး၊ ပြည်သာ၊ ဂျီတုန်းနှင့် သုတ (Cyclone) တို့ကလည်း အသံသက်သက် သီချင်းစီဒီခွေ ဒါနပြုခဲ့သေးသည်။ အဆိုတော်များ၏ သီဆိုပါဝင်မှုမှာ ယခုပထမဆုံး ဖြစ်သည်။

"အဆိုတော်တွေက မေတ္တာနဲ့ ဆိုပေးတဲ့အတွက် အရုပ်ချည်းပဲ ထည့်ပြီး ပေးလို့မဖြစ်လို့ အဆိုတော်တွေရဲ့ ရုပ်လေးတွေကို ကြားညှပ်ပြီးတော့ ထည့်ပေးတဲ့ သဘောပါ" ဟု နာရေးကူညီမှုအသင်း ဦးဆောင်သူ ဦးကျော်သူက ပြောသည်။

၂၀၀၁ ခုနှစ်တွင် အသင်းကို ထူထောင်ခဲ့ပြီး ကား ၁၉ စီးဖြင့် ရန်ကုန်တွင် အသုဘအခမဲ့ပို့ဆောင်ခဲ့သည်။ အသင်းက သုခကုသိုလ်ဖြစ်ဆေးခန်းပါ ဖွင့်ထားရာ စေတနာ့ဝန်ထမ်း ၃၀၀ ကျော်၊ ဆရာဝန် ၅၀ ခန့်နှင့် ပုံမှန်ဝန်ထမ်း ၆၀ ကျော်နှင့် အခမဲ့ ကုသပေးနေသည်။

ဆေးရုံသုံး လူနာကုတင်များ၊ လက်တွန်းလှည်းထိုင်ခုံများ၊ ချိုင်းထောက်များ၊ အောက်ဆီဂျင်အိုးများ လိုအပ်သော လူနာများကို လှူဒါန်းငှားရမ်းမှု အခမဲ့ဆောင်ရွက်ပေးသည်။ ထို့ပြင် သုခအလင်းစာကြည့်တိုက်ပါ ဖွင့်လှစ်ထားသည်။

# ပြည်သူ့စစ်မှုထမ်းရေး ဥပဒေ လွှတ်တော်လုပ်ပိုင်ခွင့်ကို ထိပါးရာရောက်

**VOA ၊ ဂျန်နဝါရီ ၁၉ ။** ။ မကြာခင် စတင် ခေါ်ယူတော့မယ့် လွှတ်တော်အသစ် မတိုင်ခင်လေးမှာ မြန်မာနိုင်ငံမှာ အရွယ်ရောက်သူတိုင်း စစ်မှုမထမ်းမနေရ ဆိုတဲ့ဥပဒေကို စစ်အစိုးရက ထုတ်ပြန်လိုက်တာဟာ ဥပဒေပြု အာဏာကို ထိပါးရာရောက်တယ်လို့ NLD အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ပြောပါတယ်။ မကြာခင် လပိုင်းအတွင်း စစ်အစိုးရကထုတ်ပြန်ခဲ့တဲ့ ဥပဒေတွေနဲ့ပတ်သက်လို့ NLD က ဒီကနေ့ သဘောထားကြေညာချက် ၂ စောင် ထုတ်ပြန်ခဲ့တဲ့အထဲမှာ အခုလို ဖော်ပြထားတာဖြစ်ပါတယ်။ အပြည့်အစုံကို ကိုဇော်ဝင်းလှိုင်က တင်ပြပေးထားပါတယ်။

ရွေးကောက်ပွဲပြီး နောက်ပိုင်းစစ်အစိုးရက ထုတ်ပြန်ခဲ့တဲ့ ဥပဒေ၊ နည်းဥပဒေတွေဟာ မကြာခင် ပေါ်ပေါက်လာတော့မယ့် လွှတ်တော်အသစ်ရဲ့ ဥပဒေပြုအာဏာကို ထိပါးရာ ရောက်စေတဲ့အတွက် NLD ဗဟိုဥပဒေ အထောက်အကူပြုအဖွဲ့က သဘောထားကြေညာချက် ၂ စောင် ထုတ်ပြန်ကြေညာလိုက်တာလို့ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်လည်းဖြစ်၊ ဥပဒေ အထောက်အကူပြုအဖွဲ့ဝင်လည်းဖြစ်တဲ့ ဦးဉာဏ်ဝင်းက ပြောပြပါတယ်။

"NLD ရဲ့ သဘောထားက လွှတ်တော်ဆိုတာ ရွေးကောက်ပွဲတွေတောင် ပြီးသွားပြီ။ အဲတော့ လွှတ်တော်ရှိမယ်။ လွှတ်တော်က ဥပဒေပြုအာဏာ အမြင့်ဆုံးအာဏာပိုင်။ အဲဒီကို မရောက်ခင် ကြိုပြီးတော့ ထုတ်တာမျိုးက ဥပဒေပြုအာဏာကို ထိပါးရာရောက်တယ်လို့ ကျနော်တို့ အဲဒီလို သဘောထားပါတယ်။"

အထူးသဖြင့်တော့ အသက် ၁၈ နှစ်နဲ့ ၄၅ နှစ်အကြား အရွယ်ရောက်သူတိုင်း စစ်မှုမထမ်းမနေရဆိုတဲ့ ဥပဒေဟာ အများပြည်သူနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ကိစ္စ ဖြစ်တဲ့အတွက် အခုလို ဥပဒေမထုတ်ပြန်ခင် ပြည်သူလူထုရဲ့သဘောထားကို အရင်ကောက်ခံပြီး လွှတ်တော်အတွင်း အချေအတင်ဆွေးနွေးပြီးမှ ထုတ်ပြန်သင့်တဲ့ ဥပဒေမျိုးဖြစ်တယ်လို့ ဆိုပါတယ်။

"ဒီဥစ္စာ ပြည်သူ့လွှတ်တော်က မကြာခင် ပေါ်ပေါက်တော့မှာ။ ပြည်သူ့လွှတ်တော်ကသာ ဥပဒေပြုအာဏာရှိတယ်။ ဒီပေါ်ပေါက်ခါနီးမှ အခုလို ထုတ်တာက မသင့်လျော်ဘူး။ ပြီးတော့ ပြည်သူ့စစ်မှုထမ်းဥပဒေကဆိုရင် ပြည်သူအများနဲ့ တိုက်ရိုက်သက်ဆိုင်တဲ့ကိစ္စ၊ ဒီလိုကိစ္စမျိုးဟာ ပြည်သူတွေရဲ့ ဆန္ဒကို တိုက်ရိုက်ပဲဖြစ်ဖြစ်၊ သွယ်ဝိုက်ပြီးတော့ပဲဖြစ်ဖြစ်၊ ပြည်သူ့လွှတ်တော်မှာ အချေအတင် ဆွေးနွေးပြီးတော့မှ ထုတ်ပြန်သင့်တယ်လို့ ကျနော်တို့ အဲဒီလို သဘောထားပေးတာပါ။"

NLD က ဒီကနေ့ ထုတ်ပြန်တဲ့ ပထမကြေညာချက်ထဲမှာတော့ စစ်အစိုးရက ၂၀၁၀ ခုနှစ် အောက်တိုဘာလအတွင်း ဥပဒေ၊ နည်းဥပဒေ ၂၆ ချက်ကို ထုတ်ပြန်ခဲ့ပေမဲ့ အဲဒီဥပဒေတွေကို အများပြည်သူသိရှိနိုင်အောင် နေ့စဉ်ထုတ် သတင်းစာတွေကနေ ထုတ်ပြန်ပေးခြင်းမရှိတဲ့အတွက် အများပြည်သူတွေသိရှိခွင့်မရခဲ့ဘဲ စာအုပ်အဖြစ် ထုတ်ဝေဖြန့်ချိမှသာ သိရှိခွင့်ရခဲ့တာ၊ နောက် အများပြည်သူအားလုံးနဲ့ဆိုင်တဲ့ စစ်မှုမထမ်းမနေရ ဥပဒေကို ထုတ်ပြန်ခဲ့ပေမဲ့ အဲဒီ စစ်ဥပဒေတွေကို အများပြည်သူ သိရှိနိုင်အောင် ရောင်းချပေးခြင်းမရှိဘူးလို့ ဖော်ပြထားပါတယ်။

အခုလို ဥပဒေတွေ ကြိုတင်ထုတ်ပြန်တာဟာ မကြာခင်ပေါ်ပေါက်လာတော့မယ့် လွှတ်တော်အနေနဲ့ ဥပဒေပြုအာဏာမရှိဘူးဆိုတာ ပေါ်လွင်နေပြီး ဒီဥပဒေတိုင်းကို လွှတ်တော်ကိုယ်စားလှယ်တွေက ရှုထောင့်ပေါင်းစုံက သုံးသပ်ဝေဖန်ပြီးမှသာ ထုတ်ပြန်သင့်တာကြောင့် အခုလိုဥပဒေတွေ ထုတ်ပြန်နေတာဟာ လုံးဝမသင့်လျော်ဘူးလို့ ဆိုပါတယ်။

NLD က ထုတ်ပြန်တဲ့ ဒုတိယကြေညာချက်မှာတော့ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့က ထုတ်ပြန်လိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေနဲ့ပတ်သက်လို့ NLD ရဲ့ သဘောထားကို ထုတ်ဖော်ပြောဆိုထားတာဖြစ်ပါတယ်။ မကြာခင် လွှတ်တော်အသစ်တရပ် ပေါ်ပေါက်လာတော့မှာဖြစ်တဲ့အတွက် လွှတ်တော်က ဥပဒေပြုအာဏာကို အဓိကကျင့်သုံးရမယ်ဆိုတဲ့ မူနဲ့ ဆန့်ကျင်နေတယ်လို့ ထောက်ပြပြောဆိုထားပါတယ်။

ဒီဥပဒေကို နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီက အမိန့်ကြော်ငြာစာအဖြစ် ထုတ်ပြန်တဲ့နေ့မှာ စတင်အာဏာတည်ရမယ်လို့ အဲဒီဥပဒေရဲ့ ပုဒ်မ ၁(ခ) မှာ ဖော်ပြထားတာကို ကြည့်ခြင်းအားဖြင့် လွှတ်တော်မှာ ဥပဒေပြုရေးအာဏာ အပြည့်အဝမရှိဘူးဆိုတာကို ထောက်ခံနေသလိုဖြစ်နေတယ်လို့ ဆိုပါတယ်။

ဒါ့အပြင် စစ်မှုမထမ်းမနေရဥပဒေထဲမှာ ဆင့်ခေါ်ခွင့် ကင်းလွတ်သူများရှိတယ်လို့ ဖော်ပြထားတဲ့အချက်ဟာလည်း ဒီဥပဒေအတည်ဖြစ်လာပြီး နောက်ပိုင်း မသမာတဲ့နည်းသုံးပြီး ကင်းလွတ်ခွင့်ပေးချင်သူကို ပေးလို့ရအောင် လမ်းဖွင့်ပေးထားသလိုဖြစ်နေတယ် စသဖြင့် ဒီကနေ့ ထုတ်ပြန်တဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

လက်ရှိထုတ်ပြန်တဲ့ ဥပဒေပြု အာဏာတွေဟာ နိုင်ငံရေးနဲ့ဆက်နွယ်နေပြီး NLD ဟာလည်း နိုင်ငံရေးပါတီ တခုအဖြစ်တည်ရှိနေတာကြောင့်အခုလိုသဘောထားထုတ်ပြန်တာဖြစ်တဲ့အကြောင်းဗဟိုဥပဒေအထောက်အကူပြု အဖွဲ့ဝင်ဦးဉာဏ်ဝင်းက ဆက်ပြောပြပါတယ်။

"NLD က အခုလက်ရှိ ရှိတဲ့ နိုင်ငံရေးပါတီတရပ်၊ အဲတော့ ဥပဒေပြု အာဏာတို့၊ အာဏာကြီး ၃ ရပ်တို့ဆိုတာ နိုင်ငံရေးကိစ္စတွေပဲလေ။ အဲတော့ နိုင်ငံရေးကိစ္စတခုကို သဘောထားထုတ်ပြန်တဲ့ သဘောပါ။"

မြန်မာနိုင်ငံက အရွယ်ရောက်ပြီးသူ အမျိုးသား၊ အမျိုးသမီးတိုင်း စစ်မှုမထမ်းမနေရ ဥပဒေကို စစ်အစိုးရက နိုင်ငံတော်ပြန်တမ်းအဖြစ်ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၁၇ ရက်နေ့က တရားဝင်ထုတ်ပြန်ခဲ့တာပါ။ အခုထုတ်ပြန်ထားတဲ့ စစ်မှုမထမ်းမနေရ ဥပဒေထဲမှာ စစ်မှုထမ်းဖို့ပျက်ကွက်သူတွေအနေနဲ့အများဆုံး ထောင်ဒဏ် ၅ နှစ် ပြစ်ဒဏ်ချမှတ်ခံရမယ်လို့ ဖော်ပြထားပါတယ်။

# မြန်မာ့အရေးကိစ္စကို အမေရိကန်နှင့် တရုတ် ပူးပေါင်းဆောင်ရွက်ဖွယ်ရှိ

**VOA ၊ ဂျန်နဝါရီ ၁၈ ။** ။ အမေရိကန်ပြည်ထောင်စုကို ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေတဲ့ တရုတ်သမ္မတ Hu Jintao နဲ့ အမေရိကန်အစိုးရအာဏာပိုင်တွေ တွေ့ဆုံဆွေးနွေးပြီးဒေသ အရေး၊ ကမ္ဘာ့အရေး ဆွေးနွေးကြတဲ့အခါ မြန်မာနိုင်ငံအရေးကိုလည်းထည့်သွင်းပြောဆိုနိုင်တယ်လို့ သုံးသပ်ခန့်မှန်းမှုတွေရှိနေပါတယ်။ မြန်မာ့အရေးကျွမ်းကျင်သူ အမေရိကန်ပြည်ထောင်စု Rutgers University က ပါမောက္ခ Josef Silverstein ကတော့ မြန်မာ့အရေးနဲ့ ပတ်သက်ပြီးအမေရိကန် ပြည်ထောင်စုရော တရုတ်နိုင်ငံကပါ နှစ်ဘက်စလုံးနီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်လိုတဲ့သဘောထားတွေရှိနေပြီလို့သုံးသပ်ပါတယ်။ အပြည့်အစုံကို ကိုသားညွန့်ဦးက တင်ပြပေးထားပါတယ်။

တရုတ်စီးပွားရေး အတော်များများကို ဦးဆောင်လာတဲ့ သမ္မတဟူကျင်တောင်းရဲ့ အခုခရီးစဉ်ဟာ ကုန်သွယ်ရေးနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို အဓိက အသားပေးမယ့် ခရီးစဉ်ဖြစ်ဖွယ်ရှိပါတယ်။ ဒါပေမဲ့ ဒေသတွင်းမှာရော ကမ္ဘာမှာပါ အင်အားကြီးနိုင်ငံ တနိုင်ငံဖြစ်လာနေတဲ့တရုတ်နိုင်ငံနဲ့လက်ရှိကမ္ဘာ့အင်အားကြီးအမေရိကန်ပြည်ထောင်စုတို့ကြားမှာ ဆွေးနွေးပြောဆိုစရာ ကမ္ဘာ့ရေးရာကိစ္စရပ်တွေ အတော်များများ ရှိမှာပါ။

လုံခြုံရေးကိစ္စရပ်တွေ ပါနိုင်သလို လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ အကြောင်းရပ်တွေလည်း ပါလာနိုင်တယ်လို့ လေ့လာသူတွေက သုံးသပ်ပါတယ်။ ဒီအထဲမှာ မြန်မာနိုင်ငံအရေးကိုလည်းဆွေးနွေးမယ်လို့ ယူဆကြပါတယ်။ အမေရိကန်နဲ့ တရုတ် နှစ်နိုင်ငံစလုံးဟာ မြန်မာနိုင်ငံကိစ္စမှာ ပိုပြီးတော့ နီးနီးကပ်ကပ် ဆက်ဆံလိုတဲ့ သဘောထားမျိုးတွေ တွေ့လာရတယ်လို့ ပါမောက္ခဂျိုးဆက်ဖ်ဆေးလ်ဗားစတိုင်းက သုံးသပ်ပါတယ်။

"အမေရိကန် ပြည်ထောင်စုအနေနဲ့ မြန်မာ့အရေးနဲ့ ပတ်သက်လာရင် မြန်မာနိုင်ငံနဲ့ပတ်သက်နီးစပ်မှုရှိတဲ့ နိုင်ငံတွေနဲ့ဆက်ဆံရေးသစ်ကိုလည်း တည်ဆောက်ဖို့ကြိုးပမ်းနေပါတယ်။ တရုတ်ဟာအမေရိကန်ပြီးရင် အင်အားအကြီးဆုံးဖြစ်လာနေတော့ အတော်အရေးပါတဲ့တိုင်းပြည်ပါ။ တရုတ်ဟာ ကျန်တဲ့နိုင်ငံတွေနဲ့လည်း ကုန်သွယ်ရေးပိုင်း၊ ဆက်ဆံရေးပိုင်းတွေမှာ မြန်မာနဲ့ပိုနီးစပ်ပါတယ်။ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ အမေရိကန်ရော၊ တရုတ် နှစ်နိုင်ငံစလုံးကပါနှစ်ဘက်ပိုပြီး နီးနီးကပ်ကပ်ပြောဆိုဆက်ဆံလိုတဲ့ သဘောတွေ တွေ့လာရပါတယ်။"

စီးပွားရေး အားကောင်းလာတဲ့ အာရှဒေသလိုမျိုးနဲ့ ဆက်ဆံတဲ့နေရာမှာ အထူးသဖြင့် နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စတွေ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စတွေ၊ ကုန်သွယ်ရေးမှာ အငြင်းပွားစရာဖြစ်နေတဲ့ ငွေကြေးတန်ဖိုးကိစ္စတွေကြောင့် အခု မစ္စတာဟူနဲ့ အမေရိကန် အာဏာပိုင်တွေ တွေ့ဆုံဆွေးနွေးတဲ့ အခါမှာ မြန်မာနိုင်ငံကိစ္စလိုမျိုး လူ့အခွင့်အရေးအကြောင်းရပ်တွေဟာ မေးမှိန်သွားလေမလား စိုးရိမ်မှုတွေလည်းရှိပါတယ်။

ပါမောက္ခ ဂျိုးဆက်ဖ် ဆေးလ်ဗားစတိုင်းကတော့ မြန်မာနိုင်ငံအရေးကိစ္စဟာ မေးမှိန်စရာ ဘာမှမရှိဘူးလို့ သူက ယူဆပါတယ်။

"အမေရိကန် ပြည်ထောင်စုအနေနဲ့ သူ့မူဝါဒဟာ မှန်ကန်တဲ့မူဝါဒဖြစ်တဲ့အကြောင်း သူ့အမြင်တွေကို တရုတ်ကိုဖော်ပြဖို့ ကြိုးစားမှာပါ။ နှစ်နိုင်ငံစလုံးဟာ မြန်မာနိုင်ငံအပေါ်မှာအတော် ဩဇာညောင်းနိုင်တဲ့ အနေအထားရှိပါတယ်။ နှစ်နိုင်ငံကြားမှာတူညီတဲ့ အခြေခံတခုရမယ်ဆိုရင် နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုအားကောင်းလာနိုင်သလို တခြားနိုင်ငံတွေကိုလည်း ဂယက်ရိုက်သွားမှာပါ။"

ဒါပေမဲ့ တဘက်မှာတော့ လူ့အခွင့်အရေး အကြောင်းရပ်ဟာ တရုတ်တို့အတွက် အထိအရှမခံတဲ့ ကိစ္စရပ်ဖြစ်နေတုန်းပါ။ တရုတ်နိုင်ငံအနေနဲ့က သူ့ရဲ့ ပြည်တွင်းရေးကိစ္စရပ်တွေနဲ့ပါ ပတ်သက်နေပါတယ်။ မကြာခင်ကပဲ ဖမ်းဆီးခံထားရတဲ့ အတိုက်အခံ လှုပ်ရှားသူ လျူရှောင်ဘို (Liu Xiaobo) ကို ကမ္ဘာက နိုဘယ်လ်ငြိမ်းချမ်းရေးဆု ချီးမြှင့်လိုက်တဲ့အပေါ်မှာ တရုတ်အစိုးရအနေနဲ့ အတော်လေး အကဲဆတ်ခဲ့ပါတယ်။

မြန်မာနိုင်ငံအမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ပတ်သက်ပြီး တရုတ်အစိုးရရဲ့တရားဝင်ဖော်ပြ သုံးနှုန်းမှုတွေမှာလည်း မြန်မာနိုင်ငံက ဒေါ်အောင်ဆန်းစုကြည်ရဲ့ နာမည်ကို သတိထားပြီး ရှောင်သုံးတာတွေ့ရသလို မြန်မာနိုင်ငံပြဿနာကို ပြည်ပက ဝင်ရောက်စွက်ဖက်တာမျိုးမလုပ်ဖို့ နိုင်ငံတကာကို သတိပေးတာမျိုးတွေလည်း ရှိခဲ့ပါတယ်။

ဒါပေမဲ့ မကြာခင်က ဝီကီလိခ်စ်မှာ ဖောက်ထုတ်လိုက်တဲ့ သံတမန် မှတ်တမ်းတွေမှာတော့ တရုတ်အစိုးရဟာ သူ့နည်း သူ့ဟန်နဲ့ တော့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲအတွက် မြန်မာစစ်အစိုးရကို နားချစည်းရုံးတာတွေ လုပ်ခဲ့ဖူးတယ်ဆိုတဲ့ အချက်တွေပါသလို မြန်မာစစ်အစိုးရရဲ့လုပ်ဟန်အချို့အပေါ်မှာလည်း စိတ်ပျက်လက်ပျက် ဖြစ်မိကြောင်း ဖော်ထုတ် ပြောဆိုမှုတွေလည်း တွေ့ရပါတယ်။

---

# ပြည်သူကို သတ္တိရှိကြဖို့ ဒေါ်စုပြော

**DVB ၊ ဂျန်နဝါရီ ၁၈ ။** ။ ရန်ကုန် တာမွေမြို့မှာ ဒီကနေ့ပြုလုပ်တဲ့ ခရမ်းလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း ကွယ်လွန်ခြင်း အနှစ် ၂၀ ပြည့် အထိမ်းအမှတ်ပွဲကို ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ခဲ့ပြီး ဒေသခံတွေကို သတ္တိရှိကြဖို့ အားပေးစကားပြောကြားခဲ့တယ်လို့ သိရပါတယ်။

နှစ်ပတ်လည်ဆွမ်းကျွေးပွဲကိုအသွား ကြိုဆိုနှုတ်ဆက်တဲ့ ဒေသခံတွေကို ဒေါ်အောင်ဆန်းစုကြည်က အားပေးစကား ပြောကြားခဲ့တယ်လို့ အဖွဲ့ချုပ်ဗဟို အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းထိန်က အခုလိုပြောပြပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်သွားတဲ့အခါမှာ ထုံးစံအတိုင်းပေါ့။ ရပ်ကွက်က လူတွေက စိတ်ဝင်စားပြီး လာကျတော့ အဲဒီလူထုကို ဒေါ်အောင်ဆန်းစုကြည်ကနေ ၅ မိနစ် ၁၀ မိနစ်လောက် အားပေးစကားပြောတာပေါ့။ "

"ဘယ်လိုပြောလဲဆိုတော့ လုပ်စရာရှိတဲ့အလုပ်တွေကို သတ္တိရှိရှိအတွေးအခေါ် ကောင်းကောင်းနဲ့ စဉ်းစားပြီးမှ နေထိုင်ကြဖို့ အဲလောက်ပဲ ပြောခဲ့တာ။ ဦးတင်မောင်ဝင်း အိမ်ပြူပြတင်းပေါက်ကနေ လမ်းပေါ်မှာရှိတဲ့ လူတွေကို နှုတ်ဆက်တာပါ။ သူ့မျက်နှာ ပြူပြတင်းပေါက်က ပေါ်လာကတည်းက လက်ခုတ်ဩဘာ တီးပြီးတော့ အန်တီစု ကျန်းမာပါစေ အော်ကြတာပေါ့။"

ဦးတင်မောင်ဝင်း အမှတ်တရ ဆွမ်းကျွေးပွဲကို အဖွဲ့ချုပ်ဝင်တွေနဲ့ စာပေအသိုင်းအဝိုင်းက သူ့မိတ်ဆွေတွေ တက်ရောက်ခဲ့တယ်လို့ သိရပါတယ်။ ဦးတင်မောင်ဝင်းဟာ ၁၉၉၀ ရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်တဦးဖြစ်ပြီး အကျဉ်းကျနေစဉ် လွန်ခဲ့တဲ့ အနှစ် ၂၀ ဇန်နဝါရီလ ၁၈ ရက်နေ့က အကျဉ်းထောင်ထဲမှာ ကွယ်လွန်သွားခဲ့တာဖြစ်ပါတယ်။

# စစ်အုပ်စုရဲ့အဏုမြူလက်နက်စီမံကိန်းဟာ မဖြစ်စလောက်ဖြစ်ပေမယ့် စိုးရိမ်ရ

**VOA ၊ ဂျန်နဝါရီ ၁၅ ။**   ။ ဗမာစစ်အစိုးရက အဏုမြူလက်နက်ထုတ်လုပ်ဖို့ကြိုးစားတယ်ဆိုတဲ့ သတင်းနဲ့ပတ်သက်ပြီးအငြင်းပွားစရတွေဖြစ်နေတဲ့အတွက် (International Atomic EnergyAgency (IAEA)) အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအား အေဂျင်စီကမြန်မာပြည်ကိုသွားရောက်စစ်ဆေးလိုကြောင်း စာရေးအကြောင်းကြားထားတယ်လို့ ဒီဇင်ဘာလ (၁၈) ရက်နေ့က Wall Street Journal သတင်းဆောင်းပါးမှာဖော်ပြထားပါတယ်။ ဗမာအစိုးရရဲ့ အဏုမြူလက်နက် စီမံကိန်းဟာ မဖြစ်စလောက်သာဖြစ်ပေမဲ့ လျှို့ဝှက်အကောင်အထည်ဖော်ပြီး မြောက်ကိုရီးယားနဲ့ ဆက်သွယ်တာကြောင့် မယုံသင်္ကာဖြစ်လာကြတာပါ။

အခုတလော အမေရိကန်နိုင်ငံခြားရေးဌာနရဲ့ လျှို့ဝှက်ပေးစာတွေ ပေါက်ကြားသွားတာကြောင့်လည်း တိုးတိုးတိတ်တိတ်လုပ်တတ်တဲ့ မြန်မာနဲ့ မြောက်ကိုရီးယားရဲ့ ဆက်သွယ်မှုကို စိတ်ဝင်စားလာကြတာပါ။ အဏုမြူလက်နက် စမ်းသပ်ဖောက်ခွဲမှုကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒဏ်ခတ်အရေးယူထားတဲ့ မြောက်ကိုရီးယားဟာ ဗမာစစ်အစိုးရကို အဏုမြူလက်နက်နဲ့ ဒုံးလက်နက်အတတ်ပညာသင် ပေးနေတယ်ဆိုတဲ့ သတင်းထွက်နေတာ နှစ်အတော်ကြာနေပါပြီ။ ဗိုလ် ချုပ်ကြီးသူရရွှေမန်းခေါင်းဆောင်တဲ့ လျှို့ဝှက် စစ်မစ်ရှင် ၂၀၀၈ နိုဝင်ဘာ လမှာ မြောက်ကိုရီးယားကိုသွားတဲ့ သတင်းပေါက်ကြားတော့ မြန်မာ - မြောက်ကိုရီးယား ဆက်သွယ်မှုကို ပိုပြီးမယုံသင်္ကာ ဖြစ်လာကြပါတယ်။

အဏုမြူလက်နက် စီမံကိန်းမှာ ကိုယ်တိုင်ပါဝင်ခဲ့သူ ဗိုလ်မှူးစိုင်းသိန်းဝင်း လွှန်ခဲ့တဲ့နှစ် ဇွန်လအစောပိုင်းက အထောက်အထားနဲ့ဖော်ပြတော့မှာ အဏုမြူလက်နက်ရနိုင်အောင် ကြိုးပမ်းနေပုံကိုသိရပါတယ်။ အဏုမြူလက်နက်နဲ့ ဒုံးလက်နက်ဆိုင်ရာပစ္စည်းကိုမြောက် ကိုရီးယားနဲ့ အရောင်းအဝယ်မလုပ်ဖို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပိတ်ပင်ထားပါတယ်။ ဒီလို ပိတ်ပင်ထားတာ ဘယ်လောက်ထိရောက်တယ်ဆိုတာကို စစ်ဆေးဖို့အတွက် ကျွမ်းကျင်သူ (၇) ဦး ပါဝင်တဲ့အဖွဲ့ကို ၂၀၀၉ ဇွန်လမှာ ဖွဲ့စည်းပါတယ်။ ကုလသမဂ္ဂကျွမ်းကျင်သူများအဖွဲ့က လွန်ခဲ့တဲ့နှစ် နိုဝင်ဘာလ (၅) ရက်နေ့မှာ စာမျက်နှာ (၇၀) အစီရင်ခံစာကိုထုတ်ပြန်လိုက်ပါတယ်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပိတ်ပင်ထားတဲ့ ပစ္စည်းတွေကို မြောက်ကိုရီးယားအစိုးရက မြန်မာ၊ အီရန်နဲ့ ဆီးရီးယားတို့ကို နည်းမျိုးစုံသုံးပြီး တင်ပို့ရောင်းချနေတဲ့ အထောက်အထားတွေ တွေ့ရတယ်လို့ ဖော်ပြထားပါတယ်။

မှောင်ခိုလမ်းကြောင်းက တိတ်တဆိတ် ဆက်သွယ်ပြီး အပေးအယူအရောင်းအဝယ် လုပ်တာဟာ လုံခြုံရေး ကောင်စီဆုံးဖြတ်ချက်ကို ဖောက်ဖျက်တာနဲ့အတူတူပါ။ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မှာအရေးယူဖို့ကိစ္စကို ဖော်ပြမထားပေမဲ့ ကောင်စီဝင်အားလုံး တညီတညွတ်တည်းဆုံးဖြတ်လိုက်တယ်ဆိုတာကပဲ ကုလသမဂ္ဂရဲ့ သဘောထားကိုပြသရာရောက်နေပါတယ်။ လုံခြုံရေးကောင်စီဆုံးဖြတ်ချက်ကိုမြောက်ကိုရီးယား နဲ့ မြန်မာလိုက်နာရေးအတွက် တရုတ်နဲ့ ရုရှားမှာတာဝန်ရှိလာပါတယ်။ ဒါပေမဲ့ မြောက်ကိုရီးယားနဲ့ဗမာစစ်အစိုးရကို ဒေသဆိုင်ရာအန္တရာယ်လို့ တရုတ်က မမြင်ပါဘူး။ ဒါကြောင့်ဗမာအစိုးရကို အရေးယူဖို့ အခက်အခဲရှိသလို မြောက်ကိုရီးယားကို အရေးယူရာမှာလည်း ခက်ခဲနေပါတယ်။

တောင်ကိုရီးယား ရေငုတ်သင်္ဘောနဲ့ ယုံဖြွန်းကျွန်း တို့ကို မြောက်ကိုရီးယားက တိုက်ခိုက်တာကို ဒေသဆိုင်ရာအန္တရာယ်လို့ ဂျပန်၊ တောင်ကိုရီးယား နဲ့ အမေရိက တို့ကို မြင်သလို တရုတ်က မမြင်ပါဘူး။ မြောက်နဲ့တောင်ကိုရီးယား နှစ်နိုင်ငံရဲ့ပဋိပက္ခသာဖြစ်တယ်လို့ တရုတ်ကမြင်ပါတယ်။ တောင်ကိုရီးယားမှာ အမေရိကန်စစ်အင်အားတိုးပွားလာတာကသာ ဒေသဆိုင်ရာအတွက် အန္တရာယ်ရှိတယ်လို့တရုတ်ကမြင်ပါတယ်။ ပြည်တွင်းမှာ တိုင်းရင်းသားလက်နက်ကိုင်တွေကို တိုက်ခိုက်နေတဲ့ ဗမာစစ်အစိုးရကိုလည်း အန္တရာယ်လို့မမြင်ပါဘူး။ ကိုရီးယားကျွန်းစွယ်နဲ့မြန်မာနိုင်ငံမှာအင်အားကြီးနိုင်ငံက စစ်တပ်တွေလာရောက်စခန်းချထားတာကသာ တရုတ်ပြည်အတွက် အန္တရာယ်ရှိတယ်လို့မြင်ပါတယ်။

မြန်မာစစ်အစိုးရမှာ အဏုမြူလက်နက်ထုတ်လုပ်ဖို့ရည်ရွယ်ချက်မရှိဘူးဆိုရင် အဏုမြူစီမံကိန်းကို အစစ်ဆေးခံနိုင်ရလိမ့်မယ်။ အရပ်ဘက်သုံး အဏုမြူဓါတ်ပေါင်းဖိုကို စစ်တပ်ရဲ့ လျှို့ဝှက်စီမံကိန်းအဖြစ် လုပ်ကိုင်နေတာဟာ မယုံသင်္ကာဖြစ်စရာပါ။ နိုင်ငံခြားစစ်တပ်တွေ ကျူးကျော်ဝင်ရောက်လာမှာကို အမြဲတမ်း တွေးကြောက်နေတဲ့ ဗမာစစ်အစိုးရ ခေါင်းဆောင်ပိုင်းရဲ့လျှို့ဝှက်စီမံကိန်း အကောင်အထည်ဖော်မှုနဲ့ မြောက်ကိုရီးယားနဲ့ ဆက်သွယ်မှုကြောင့် ဗမာစစ်အစိုးရကို ပိုပြီးသံသယဖြစ်နေကြတာပါ။

အဏုမြူစွမ်းအင်က လျှပ်စစ်ဓါတ်အားထုတ်ယူဖို့ ဗီယက်နမ်၊ အင်ဒိုနီးရှား နဲ့ ထိုင်းနိုင်ငံတွေမှာ စီမံကိန်းတွေ ရှိပါတယ်။ မလေးရှားနဲ့ ဖိလစ်ပိုင်ကလည်း အဏုမြူဓါတ်အားကို စိတ်ဝင်စားနေကြပါတယ်။ နောက် (၁၀) နှစ်လောက်ဆိုရင် အဏုမြူဓါတ်အားပေးစက်ရုံတွေ ရှိလာနိုင်ပါတယ်။ အဏုမြူစက်ရုံကနေ လက်နက်ပစ္စည်းပါ ထုတ်လုပ်နိုင်တာမို့ ကုလသမဂ္ဂအဏုမြူစွမ်းအား အေဂျင်စီနဲ့ အာဆီယံ အာဏာပိုင်တို့ ပူးတွဲဆောင်ရွက် ရမယ့် အချိန်ရောက်လာပါလိမ့်မယ်။ အာဆီယံနိုင်ငံတွေမှာ အဏုမြူလက်နက်မထားဖို့ ၁၉၉၇ မှာ စာချုပ် ချုပ်ဆိုပြီး ပိတ်ပင်ထားပါတယ်။ ဒါပေမဲ့ အဏုမြူဓါတ်အားကို ငြိမ်းချမ်းစွာအသုံးပြုနိုင်ကြောင်း စာချုပ်အပိုဒ် (၄) မှာ ဖော်ပြထားပါတယ်။

ဒါကြောင့် အဏုမြူစွမ်းအား အသုံးပြုဖို့ အတိအလင်း ကြိုးပမ်းတာဟာ အပြစ်မဟုတ်ဘဲ၊ မြောက်ကိုရီးယားနဲ့ လျှို့ဝှက်အပေးအယူလုပ်တာကသာ အပြစ်ကျူးလွန်နေသလို ဖြစ်နေပါတယ်။

---

**စာမျက်နှာ ၂မှ**

သာရရှိတဲ့ ဆွေးနွေးမှုတွေ စတင်ဖို့အတွက်မြန်မာစစ်အစိုးရအနေနဲ့ ရေရာသေချာတဲ့ ခိုင်မာတဲ့ခြေလှမ်းတွေ လှမ်းနိုင်အောင်လို့ ဒီပိတ်ဆို့မှုတွေကို ထိန်းထားရမှာဖြစ်တယ်လို့လည်း ပြောပါတယ်။ ဒ့ါကြောင့် ဒီအချိန်မှာ တားဆီးပိတ်ဆို့မှုတွေကို ရုပ်သိမ်းဖို့ အစီအစဉ်မရှိဘူးလို့ အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနပြောခွင့်ရပုဂ္ဂိုလ် ပီဂျေခရော်လီက မနေ့က ပုံမှန်သတင်းစာရှင်းလင်းပွဲမှာ ပြောဆိုသွားပါတယ်။

# ဒေါ်အောင်ဆန်းစုကြည်၏ ကြိုးပမ်းမှုတွေကို ထိုင်းက ကူညီမည်ဟုဆို

**RFA ၊ ဂျန်နဝါရီ ၂၃ ။** ။ ထိုင်းနိုင်ငံအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမျိုးသားရင်ကြားစေ့ရေး ကြိုးပမ်းမှုတွေကို အကူအညီပေးမယ့် အကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးက သောကြာနေ့က ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံစဉ်မှာ ကတိပြု ပြောဆိုခဲ့တယ်လို့ သိရပါတယ်။

၁၄ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးအကြို ထိုင်းနိုင်ငံဟွာဟင်တွင် ကျင်းပသည့် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် (ဝဲမှယာ) ဖိလိပိုင်မှ အယ်လ်ဘတ်တို ရိုမြူလို၊ စင်ကာပူမှ ဂျော့ချ်ယော၊ ထိုင်းမှ ခါဆစ်ပီရိုမြာ၊ ဗီယက်နမ်မှ ဖမ်ဂီယာခင်မ်နှင့် မြန်မာမှ ဦးညဏ်ဝင်းတို့ လက်ချင်းတွဲ ဓာတ်ပုံအရိုက်ခံကြပါတယ်၊

သောကြာနေ့က တနာရီကြာ တွေ့ဆုံခဲ့စဉ် ထိုင်းနိုင်ငံအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာနိုင်ငံအတွက် အပြုသဘောဆောင်တဲ့ ထင်ရှားသူ၊ လူမျိုးစုတွေကို ကိုယ်စားပြုသူ အတိုက်အခံခေါင်းဆောင်ဖြစ်တယ်ဆိုပြီး ပြောဆိုခဲ့တယ်လို့ ထိုင်းနိုင်ငံခြားရေးသတင်းရပ်ကွက်နဲ့ နီးစပ်သူတွေကို ကိုးကားပြီး MCOT သတင်းမှာဖော်ပြထားပါတယ်။

ဒ့ါအပြင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲဟာ မြန်မာနိုင်ငံဒီမိုကရေစီ မြင့်မားလာရေးအတွက် အဓိက ခြေလှမ်းဖြစ်တယ်လို့ ယုံကြည်ကြောင်း၊ ထိုင်းနိုင်ငံ အနေနဲ့လည်း မြန်မာနိုင်ငံကို အကူအညီပေးဖို့အသင့်ရှိနေကြောင်း ပြောဆိုပါတယ်။

ပြီးခဲ့တဲ့အပတ်က အင်ဒိုနီးရှားနိုင်ငံမှာပြုလုပ်ခဲ့တဲ့ အရှေ့တောင်အာရှနိုင်ငံများအဖွဲ့ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကနေ မြန်မာနိုင်ငံအပေါ် အမေရိကန်နဲ့ ဥရောပနိုင်ငံတွေက ချမှတ်ထားတဲ့ အပြည်ပြည်ဆိုင်ရာ စီးပွားရေး ပိတ်ဆို့မှုတွေကို ပြန်လည်သုံးသပ်သင့်တယ်လို့ တောင်းဆိုခဲ့တာကိုလည်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးက ဒေါ်အောင်ဆန်းစုကြည်ကို ရှင်းပြခဲ့တယ်လို့ ဆိုပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း မြန်မာနိုင်ငံမှာ အမျိုးသားရင်ကြားစေ့ရေးအတွက် စစ်အစိုးရခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးရေးကို ပြင်ဆင်ထားကြောင်း ပြောဆိုခဲ့တယ်လို့သတင်းမှာ ဖော်ပြထားပါတယ်။

ဒီတွေ့ဆုံပွဲနဲ့ပတ်သက်ပြီး ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ်က မှတ်ချက်ပေးဖို့ ငြင်းဆိုခဲ့သလို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ဒီတွေ့ဆုံမှုဟာ ရင်းနှီးချစ်ကြည်မှုရှိတဲ့ တွေ့ဆုံပွဲဖြစ်ကြောင်းသာ ပြောဆိုပြီး အသေးစိတ်ထုတ်ပြန်တာ မရှိသေးပါဘူး။

# ရွေးကောက်ပွဲ ကော်မရှင်ခုံရုံးမျှတဟုဆို

**DVB ၊ ဂျန်နဝါရီ ၂၀ ။** ။ ရန်ကုန်တိုင်း အမျိုးသားလွှတ်တော် အမှတ် ၄ အတွက် ရွေးချယ်ခံရသူ မြတ်စိုးညဏ်ကို သူ့ရဲ့ပြိုင်ဘက် ကြံ့ခိုင်ရေးကိုယ် စားလှယ်တက္ကသိုလ်မြတ်သူက တရားစွဲထားတဲ့အတွက် ကြာသပတေးနေ့မှာ နေပြည်တော် ကော်မရှင်ရုံးကို သွားရောက်ထုချေလျှောက်တင်ခဲ့ပါတယ်။

အဲဒီလိုတင်ရင်းနဲ့ သူလိုပဲ တရားစွဲခံနေရတဲ့ တစည‌ပါတီကကိုယ်စားလှယ်တဦးရဲ့ အမှုကြားနာမှုကို လေ့လာသူအဖြစ် တက်ရောက် နားထောင်ခွင့်ရခဲ့တယ်လို့ဆိုပါတယ်။ အဲဒီလေ့လာမှုအရ ကော်မရှင်ခုံရုံးဟာ ဘက်မလိုက်ဘဲ တရားဥပဒေနဲ့အညီ ဆောင်ရွက်နေတာတွေ့ရတယ်လို့ ပြောပါတယ်။

“ဆရာတက္ကသိုလ်မြတ်သူက ကျနော့်ကိုကန့်ကွက်လွှာပေ့ါတင်ထားတယ်၊ တင်ထားတဲ့အခါကျတော့ ကျနော် ဒီနေ့ ဘာကို တွေ့ရပါသလဲဆိုတော့ ကျနော် ဒီနေ့ပြည်ထောင်စုကော်မရှင်ရုံးကို ထုချေလွှာ လာတင်တယ် ပေ့ါ။ တင်တဲ့အခါမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီက အရွေးချယ်ခံရတဲ့ ကိုယ်စားလှယ်ပေ့ါနော် ကျောက်ကြီးမြို့နယ်က အရွေးချယ်ခံထားရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နဲ့ သူတို့ရဲ့ ကြားနာစစ်ဆေးမှုကို ကျနော် နားထောင်ခဲ့ ပါတယ်။”

“နားထောင်ခဲ့တဲ့ အခါကျတော့ ‘ါတွေအကုန်လုံးကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေ ပြီးတော့ မျှမျှတတပေ့ါနော် ကြားနာစစ်ဆေးနေတာကို ကျနော် မြင်ခဲ့ရပါတယ် ခင်ဗျ၊ စစ်မေးတာကို တဘက်က ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ဖွံ့ဖြိုးရေးပါတီက တင်လာတဲ့ သက်သေတွေက ခိုင်လုံမှု မရှိဘူးခင်ဗျ၊ ‘ါ ကျနော် မြင်ခဲ့တာပေ့ါနော်၊ ခိုင်လုံမှု မရှိတဲ့ဟာတွေဆိုရင် ကော်မရှင်က လက်မခံဘူး။ ကော်မရှင်က ခုံရုံးဖွဲ့ထားပါတယ်၊ ခုံရုံးဖွဲ့ထားပြီးတော့ ခုံသမာရဆကာသအဲးလူကြီးတွေက လက်မခံဘဲနဲ့ ‘ါတွေကို တင်သွင်းပိုင်ခွင့်မရှိဘူး။ ‘ါတွေက ဥပဒေ’နဲ့ မညီညွတ်ဘူး၊ ‘ါကြောင့်မို့လို့ ‘ါတွေကို တင်လို့ မရဘူးဆိုပြီးတော့ ပြတ်ပြတ်သားသားကိုပေ့ါနော် ဖြတ်ချပစ်ပါတယ်၊ အဲ‘ါကို ကျနော်ကိုယ်တိုင် ကြုံခဲ့ရပါတယ်။”

# နအဖတပ်မှထိုင်းရွာသားများပြန်လွှတ်

**DVB ၊ ဂျန်နဝါရီ ၂၀ ။** ။ အခုလ ၁၈ ရက်နေ့က မြန်မာဘက်ကို နယ်ကျော်ဝင်ရောက်တဲ့ ထိုင်းရွာသားတွေကို နအဖတပ်က ဖမ်းဆီးပြီး လက်နက်ကြီးတွေ၊ ကျည်ဆန်တွေ ထမ်းခိုင်းပြီးတဲ့နောက် မနေ့ညက ပြန်လွှတ်ပေးလိုက်ပြီး ဒီမနက်အားလုံး အိမ်ပြန်ရောက်ပြီ ဖြစ်ပါတယ်။

ထိုင်းနိုင်ငံ ဖုတ်ဖရခရိုင် မယ့်အိုဟူးရွာမှာနေတဲ့ ထိုင်းနိုင်ငံသား ၈ ဦးဟာ မြန်မာနိုင်ငံဘက်ခြမ်းကို ပြောင်းချိုး၊ ငါးရှာထွက်ရင်းနဲ့ မြန်မာ့တပ်မတော်က ဖမ်းဆီးခံခဲ့ရတာပါ။ ဖမ်းဆီးခံရသူ ၈ ယောက်ထဲက နှစ်ယောက် မနေ့နေ့ခင်းပိုင်းမှာ ထွက်ပြေးလာခဲ့ပြီး ကျန် ၆ ယောက်ကတော့ ဒီမနက်အစောပိုင်းမှာ အိမ်ပြန်ရောက်လာတာလို့ နယ်စပ်မှာနေတဲ့ ကရင်ရွာသူကြီးတဦးက ပြောပါတယ်။ ဒီမနက်ပြန်ရောက်တဲ့ ၆ ယောက်ဟာ နအဖတပ်က ပြန်လွှတ်ပေးလိုက်တာဖြစ်ပြီး သူတို့ ပေါ်တာထမ်းခဲ့ရတယ်လို့ ဆိုပါတယ်။ သူတို့ဟာ နယ်စပ်မြန်မာဘက်ခြမ်း ဖောမိုဘောထမှာ ဖမ်းဆီးခံခဲ့ရတာဖြစ်ပြီး ပြန်လွှတ်လာတဲ့အကြောင်းကို ကရင်ဘာသာနဲ့ အခုလို ပြောပြပါတယ်။

“ဗမာစစ်သားတွေက ပြန်လွှတ်ပေးလိုက်တာ။ ၁၉ ရက်နေ့ညကနေပြန်လာတာ ၂၀ ရက်နေ့ မနက်မှ အိမ်ပြန်ရောက်လာတာ။ ဗမာစစ်သားတွေက ထိုင်းဘတ်ငွေ ၅၀၀ ပါပေးလိုက်တယ်။ ၆ ယောက်အတွက် ဘတ် ၅၀၀ ပေ့ါ၊ မိန်းမတွေကတော့ ဘာမှမထမ်းရဘူး။ ဒါပေမယ့် ယောကျ်ားတွေကတော့ ကျည်ထမ်းရတာပေ့ါ။ ၆၀ မမ ကျည်တွေ၊ ယောကျ်ားတွေက ဗမာစကားမပြောတတ်ကြတော့ တချက်နှစ်ချက်လောက်တော့ အရိုက်ခံလိုက်ရတာပေ့ါ။ အဲဒီဗမာစစ်ကြောင်းက ဗျူဟာကနေ ကနဲလေးစခန်းကိုသွားပြီး သူတို့လူနာတွေကို သွားယူလာတာ။ ဗျူဟာကို ပြန်ရောက်လာတော့ သူတို့ကို ပြန်လွှတ်ပေးလိုက်တာပဲ။”

ထိုင်းရွာသား ၈ ဦးဟာ အမျိုးသား ၅ ဦးနဲ့ အမျိုးသမီး ၃ ဦးဖြစ်ပြီး မနေ့က ထိုင်း–မြန်မာနှစ်နိုင်ငံ တာဝန်ရှိသူတွေ ညှိနှိုင်းအပြီး မနေ့က ပြန်လွှတ်ပေးမယ်လို့ မြန်မာတာဝန်ရှိသူတွေက ပြောဆိုခဲ့ပေမယ့် ပြန်မရောက်လာဘဲ ဒီနေ့မှ ပြန်လွှတ်လာတာဖြစ်ပါတယ်။




**ဂျန်နဝါရီ ၁၇ ၊ DVB ။ ။** ရန်ကုန်ကျောက်တံတားမြို့နယ် ၃၃ လမ်းမှ အိမ်ခန်းနေသူ အချို့ကို တပ်အရာရှိတဦးမှ နှင့်ထုတ်ခဲ့ကြောင်း။

**ဂျန်နဝါရီ ၁၇ ၊ Aliran ။ ။** မြန်မာသည် ကမ္ဘာ့ရေနံထွက်အဆင့် ၄၀ နှင့် ၇၇ ခုမြောက်အကြီးဆုံးဖြစ်ကြောင်းနှင့် မလေးရှားသည် မြန်မာတွင် မိမိပညာကို လက်စွမ်းပြ သင့်ကြောင်း ပညာရှင်များမှဆို၏။

**ဂျန်နဝါရီ ၁၇ ၊ DVB ။ ။** သီးခြားသတ်မှတ်အမျိုးအမည်တပ်ထားသည့် ပိတ်ပင်မှု စိုင့်ရှင်များကို အပြောင်းအလွဲမရှိ ဆက်လက်ထားရှိရန် အဲန်အဲလ်ဒီမှ တောင်းဆို၏

**ဂျန်နဝါရီ ၁၇ ၊ Asian Correspondent ။ ။** နအဖသည် ၀ တပ်နှင့်ရှမ်းပြည်နယ်တပ်တို့ရှိရာ Mongton မြို့နယ်အနီး မြို့သစ်တခုတည်၍ တပ်မသစ် သုံးခုထပ်ဖြည့်ရန် စီစဉ်နေကြောင်း။

**ဂျန်နဝါရီ ၁၈ ၊ Time ။ ။** ရောဝတီမဂ္ဂဇင်းသည် ယခုလမှစ၍ ပုံနှိပ်ထုတ်ဝေသည့် စာစောင်များကို ကုန်ကျစရိတ်မနိုင်၍ ရပ်ဆိုင်းလိုက်ရကြောင်း၊ အင်တာနက်စာစောင် ကိုသာဆက်လက်ထုတ်ဝေမည်။

**ဂျန်နဝါရီ ၁၈ ၊ Irrawaddy ။ ။** လယ်မြေများအား သိမ်းယူရခြင်းသည် လယ်လုပ်သူများမှ အောင်မြင်ရန် မဆောင်ရွက်နိုင်၍ဟု နအဖဗိုလ်ချုပ်မြင့်ဆွေမှ လယ်အိမ်သိမ်း ခံရ လယ်သမားများအား ရှင်းပြ၏။

**ဂျန်နဝါရီ ၁၈ ၊ Irrawaddy ။ ။** အလဲပင်းမီဒီယာအဖွဲ့သည် မကြာမီက ဖွဲ့စည်းခဲ့သော လုပ်ငန်းဆိုင်ရာ ကျင့်ဝတ်ထိန်းသိမ်းရေးကော်မတီ Committee for Professional Conduct မှ နှုတ်ထွက်ခဲ့ကြောင်း သတင်းလောကမှ ဆို၏။

**ဂျန်နဝါရီ ၁၈ ၊ AFP ။ ။** မြန်မာတရားရုံးချုပ်သည် အဲန်အဲလ်ဒီပါတီအား တရားဝင်ပါတီအဖြစ်မှရပ်စဲခြင်းကို ပြန်လည်ရုတ်သိမ်းရန် အယူခံမှုကို ယခုလထဲကြားနာမည် ဖြစ်ကြောင်း။

**ဂျန်နဝါရီ ၁၉ ၊ Mizzima ။ ။** NDF သည် နိုင်ငံရေးအကျဉ်းသားအားလုံး လွတ်မြောက်ရေးကို တောင်းဆိုမည်ဟုဆို၏။

**ဂျန်နဝါရီ ၁၉ ၊ Mizzima ။ ။** ရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲဆိုင်ရာ အမှု ၂၈ မှုကျော်ကို ကြားနာဖြေရှင်းမည်ဖြစ်ကြောင်း။

**ဂျန်နဝါရီ ၁၉ ၊ DVB ။ ။** ကရင်ပြည်နယ်တွင် ကရင်လက်နက်ကိုင်အဖွဲ့ များနှင့် နအဖတပ်များ ပစ်ခတ်မှုကြောင့် စစ်ပြေးကရင်ခလေး ၂ ဦး ထိခိုက်ခဲ့ကြောင်း။

**ဂျန်နဝါရီ ၁၉ ၊ DVB ။ ။** မလေးရှားရှိ Sinometal Tech co. မှ မြန်မာလုပ်သား ၃၅ ဦးသည် အလုပ်ရှင်၏လိမ်တိုင်မှုကြောင့် အဖမ်းခံရကာ ခေါင်းဆောင်း ၅ ဦး မြန်မာ သို့ပြန်အပို့ခံရပြီး ကျန် ၃၀ ဦးလည်း နေသားမကျဖြစ်နေပြီး ၂ ယောက်မှာ ပျောက်နေကြောင်း။

**ဂျန်နဝါရီ ၁၉ ၊ BP ။ ။** ထိုင်းလူမျိုး ၈ ဦးအား နအဖတပ်မှ ဖမ်းဆီးခေါ်ဆောင်သွားပြီး၊ ပြန်လွှတ်ပေးခဲ၏။

**ဂျန်နဝါရီ ၁၉ ၊ Radio Australia ။ ။** မြန်မာသည် အလုပ်သမားသမဂ္ဂသစ်တခု တည်ထောင်ခွင့်ပြုရန် စီစဉ်နေရာ ကမ္ဘာ့အလုပ်သမားအဖွဲ့ မှ ကြိုဆို၏။

**ဂျန်နဝါရီ ၁၉ ၊ Guernica Magazine ။ ။** မြန်မာအပေါ် စိုင့်ရှင်များရုတ်သိမ်းရန် စိတ်မကူးလေနှင့်ဟု လူ့အခွင့်အရေးလှုပ်ရှားသူ ဇိုလာဖမ်မှ ဆို၏။

**ဂျန်နဝါရီ ၁၉ ၊ Irrawaddy ။ ။** ချင်းပြည်နယ်မြောက်ပိုင်းတွင် ဂျန်နဝါရီ ၁ဖ ရုတ်တရက်နှင်းများစွာကျ၍ တံတားကျိုးခြင်း၊ အိမ်ပြိုခြင်းများဖြစ်စေခဲ့၏။

**ဂျန်နဝါရီ ၁၉ ၊ Irrawaddy ။ ။** ထိုင်းနယ်စပ် မြန်မာဒုက္ခသည်စခန်းများအနီး တိုက်ပွဲများဆက်တိုက်ဖြစ်နေပြီး ဒုက္ခသည်စခန်းများသို့နအဖတပ်သားများ၊ သူလျှိုများထိုးဖေါက်ဝင်ရောက်မှုများ မိနေကြောင်း။

**ဂျန်နဝါရီ ၁၉ ၊ WTN ။ ။** ဟီလရီကလင်တန်သည် ယနေ့ဒေါ်အောင်ဆန်းစုကြည်ထံ တယ်လီဖုံးဆက်ပြီး မြန်မာဒီမိုကရေစီအတွက် ကြိုးပမ်းမည်ဟု လေးနက်စွာ ဆိုခဲ့ကြောင်း။

**ဂျန်နဝါရီ ၁၉ ၊ NLD ။ ။** နအဖ၏ စစ်မှုမထမ်းမနေရ ဥပဒေကို အဲန်အဲလ်ဒီမှ အကြောင်းပြ၍ ရှုတ်ချ၏။

**ဂျန်နဝါရီ ၂၀ ၊ Mizzima ။ ။** သီးခြားကန့်သတ်သည့် စိုင့်ရှင်ပိတ်ပင်မှုများမှတပါး အခြားစိုင်ရှင်အားလုံးကို ရုတ်သိမ်းသင့်သည်ဟု ဦးခင်မောင်ဆွေမှ Mizzima သို့ဆို၏။

**ဂျန်နဝါရီ ၂၀ ၊ AsiaNews ။ ။** မြန်မာပြည်သူများ ဒုက္ခဆင်းရဲရောက်နေရခြင်းသည် ပိတ်ဆို့မှုများကြောင့်မဟုတ်ဘဲ နအဖ၏လုပ်ရပ်များကြောင့် ဖြစ်ကြောင်း ဦးတင့်ဆွေ(အင်စီဂျီယူဘီ) မှသုံးသပ်၏။

**ဂျန်နဝါရီ ၂၀ ၊ VOA ။ ။** ပထမအကြိမ်အဖြစ် မြန်မာမှ ကုန်သွယ်ရေးအဖွဲ့မှ ဦးစီးသည် ဗီယက်နန်တွင် မိမိတို့ထုတ်ကုန်များ ပြသခွင့်ရခဲ့၏။

**ဂျန်နဝါရီ ၂၀ ၊ Mainichi ။ ။** ဒုက္ခသည်အဖြစ်လျှောက်ထားသူ မြန်မာများအား လျှောက်လွှာရုတ်သိမ်းလျှင် အထူးနေထိုင်ခွင့်ပြုမည်ဟု ဆွယ်သော်လည်း မြန်မာ ဒုက္ခသည်များ၏ ရှေ့နေအဖွဲ့များမှ ကန့်ကွက်၏။

**ဂျန်နဝါရီ ၂၀ ၊ VOA ။ ။** မြန်မာသည် ပြည်ပနိုင်ငံနှင့် ဂျီအဲစ်အဲမ် နိုင်ငံတကာလှည့်သုံးဖုံး သဘောတူချက်ကို တရုတ်မှ China Unicom နှင့် စာချုပ်ခဲ့၏။

**စာမျက်နှာ ၁၃ သို့**

# ကောင်းမှုတော်ဘုရားကြီး ရွှေဆေးသက်န်းကပ်လှူမှုအပေါ် မြို့ခံများ မကျေနပ်

**DVB ၊ ဂျန်နဝါရီ ၁၈။** ။ စစ်ကိုင်းမြို့ရဲ့သမိုင်းဝင် ဘုရားတဆူဖြစ်တဲ့ ကောင်းမှုတော်ဘုရားကြီးကို ဗိုလ်ချုပ်သန်းရွှေရဲ့ လမ်းညွှန်မှုနဲ့ ရွှေဆေးသက်န်းဆက်ကပ်လှူဒါန်းမှုတွေ ပြုလုပ်နေတာနဲ့ပတ်သက်ပြီး မြို့ခံပြည်သူအများစုမကျေနပ်ကြဘူးလို့ သိရပါတယ်။

စစ်ကိုင်းမြို့အနီးရှိ ရာဇမဏိစူဠာဘွဲ့အမည်ရှိ စစ်ကိုင်းကောင်းမှုတော်စေတီတော်ကြီးကို လုံးတော်ပြည့်ရွှေဆေးသက်န်းကပ်လှူဖို့ ဗိုလ်ချုပ်သန်းရွှေရဲ့ ညွှန်ကြားချက်နဲ့ ဒီဇင်ဘာ ၂၃ ရက်နေ့က စတင်ပြုလုပ်နေတာပါ။ ရွှေဆေးသက်န်းကပ်လှူဖို့ ကျပ်ငွေသိန်းပေါင်း လေးထောင်ကျော် ကုန်ကျမှာဖြစ်ပြီး အလှူငွေပေးပွဲအခမ်းအနားကို ဒီလ ၁၈ ရက်နေ့က ပြုလုပ်ခဲ့ပါတယ်။ အဲ့ဒီလှူဒါန်းမှုပြုလုပ်တဲ့နေရာမှာ ဗိုလ်ချုပ်သန်းရွှေက ကျပ်ငွေ ၁၀ သိန်းပဲထည့်ဝင်လှူဒါန်းခဲ့တာဖြစ်ပြီး လုပ်ငန်းရှင်တွေနဲ့ဝန်ကြီးတွေက အများဆုံးထည့်ဝင်ခဲ့ရတယ်လို့ ဘုရားဂေါပက အဖွဲ့နဲ့နီးစပ်တဲ့ မြို့ခံတဦးက ပြောပါတယ်။

“မနေ့ကအလှူငွေအခမ်းအနားဘုရားကြီးရင်ပြင်တော်အောင်မြင်ဘောဓိမ္မာရုံမှာ လုပ်တာ ငွေ ၄၆၇၈ သိန်းရတယ်။ ကမ္ဘောဇဘဏ်က သိန်း ၁၂၀၀၊ နမခနဲ့ လပခ က သိန်း ၅၀၀ စီ၊ ဗိုလ်ချုပ်ကြီးက ၁၀ သိန်း၊ ဝန်ကြီးတွေက ၁၀ သိန်းနဲ့၊ ဝန်ကြီးတိုင်းတော့ မဟုတ်ဘူး။ လုပ်ပိုင်ခွင့်ရှိတဲ့ ကုမ္ပဏီက သိန်း ၁၀၀–၁၁၅ သိန်း အဲ့ဒီလိုပေါ့။ အနိမ့်ဆုံးတော့ ၃–၄ သိန်းလောက်ပါတယ်ထင်ပါတယ်။”

ကောင်းမှုတော်ဘုရားကြီးကို လုံးတော်ပြည့် ရွှေဆေးသက်န်းကပ်လှူမှာဖြစ်သလို ဘုရားပရဝုဏ်အတွင်းရှိ ကျောက်ဆီမီးတိုင် ၈၀၂ တိုင်ကိုလည်း ရွှေဆေးလှူဒါန်းမှာဖြစ်ပါတယ်။ ဉာဏ်တော် အမြင့်ပေ ၁၅၀ ခန့်နဲ့ လုံးပတ် ၇၅၃ ပေရှိတဲ့ စေတီတော်ကြီးကို ရွှေသက်န်းဆက်ကပ်လှူဒါန်းမယ့်အပေါ်ကိုလည်း ဂေါပကအဖွဲ့နဲ့နီးစပ်တဲ့ မြို့ခံက အခုလို ဆက်ပြောပါတယ်။

“ရှေးဟောင်း သာသနိက အဆောက်အဦးလည်းဖြစ်တယ်။ အဲ့တော့ ရှေးဟောင်း သာသနိကအဆောက်အဦကို ဒီလိုမလုပ်သင့်ဘူး။ဒါကြီးကို နှစ်ပေါင်းများစွာ ကုန်ကျခံလုပ်တဲ့အခါမှာ နောက် ၃ နှစ်လောက်ဆိုရင် ရွှေဈေးတွေက ပြန်ပြီးမေးသွားတဲ့အခါကျတော့ ငွေရေးကြေးရေးတွေ အများကြီးကုန်မှာပေါ့။ အဲ့ဒီအစား ဂီရိမုန်းတိုင်းတိုက်ခတ်တဲ့ နေရာတွေမှာ အကူအညီပေးလိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲလို့ အမြင်ရှိတဲ့ ပုဂ္ဂိုလ်တွေက ပြောတာပေါ့။ ကျန်တဲ့ တိုင်းသူပြည်သားတွေအနေနဲ့ ဒီလိုကြီးဖြစ်တဲ့ကိစ္စကို ဝမ်းနည်းမှုတွေ တောင်ရှိတာပေါ့။ ”

အခြားစစ်ကိုင်းမြို့ခံတဦးကလည်း အခုလိုပြောပါတယ်။

“စစ်ကိုင်းမြို့သူ မြို့သားအနေနဲ့ ကိုယ်ဟာကိုယ်ပဲ ထုံးသက်န်းကပ် တယ်လေ။ အခုက ရင်ထဲမှာ နာနေသလိုပဲ ခံစားရတယ်သိလား။ ရွှေသက်န်းကပ်တာ ကောင်းတော့ကောင်းတယ်။ ဒါပေမယ့် ထုံးဖြူဖြူလေးနဲ့ဘယ်နေရာပဲရောက်ရောက် ဒါက စစ်ကိုင်းတောင်၊ ဟိုဘက်က ကောင်းမှုတော်ကြီး ဖြူဖြူလုံးလုံးကြီး အဲ့လိုမျိုးကြီးပဲ ဖြစ်ချင်တာပေါ့နော်။”

“အခုကျတော့ ရွှေကပ်မှာ။ အဲ့ဒီဟာကို ဆောက်တွေနဲ့ ထွင်းပြီးတော့ ကျောက်တွေကိုခွာတာ။အရင်နှစ်ပေါင်းများစွာ ရှင်ဘုရင်လက်ထက်ကတည်းက ထုံးသုတ်ခဲ့တာကိုး။ အဲ့ဒီထုံးတွေက ကျောက်တည်နေတာလေ။ အဲ့ဒါကိုအပေါ်ကနေပြီးတော့မှ ဆောက်နဲ့ထွင်းချပြီးတော့မှ အကုန်လုံးခွာပစ်တယ်။ ပြီးတော့မှ ကော်ဘတ်တွေနဲ့စားတယ်လို့ ပြောတာပဲ။ ဘေးက ငြမ်းတွေတော့ ဆင်ထားတာပေါ့နော်။ အဲ့ဒါကို လူကြီးတယောက်ပြီး တယောက်လာကြည့်နေတာပဲ၊ ”

ကောင်းမှုတော်စေတီတော်ကြီးကို မြန်မာသက္ကရာဇ် ၉၉၈ ခုနှစ်၊ ခရစ်နှစ် ၁၆၃၆ မှာ သာလွန်မင်းတရားကြီးက တည်ထားကိုးကွယ်ခဲ့ပါတယ်။ စေတီတော်ဟာ ပစ္စယံသုံးဆင့်ခံထားပြီး သပိတ်မှောက်ထားတဲ့ ပုံသဏ္ဍာန်နဲ့ တည်ထားခဲ့တာဖြစ်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာနကလည်း ရှေးဟောင်းသာသနိကအဆောက်အအုံများစာရင်းမှာ ထည့်သွင်းထားခဲ့ပါတယ်။

# ဗီဇာအတုနှင့် မလေးရှား အလုပ်သမားပို့တဲ့ အေဂျင်စီ ၁၂ ခုကို နအဖ ဖမ်းဆီး

**RFA ၊ ဂျန်နဝါရီ ၂၀ ။** ။ မြန်မာနိုင်ငံကနေ အလုပ်သမားလူငယ်တွေကို မလေးရှား ပြည်ဝင်ခွင့် ဗီဇာအတုလုပ်ပြီး မလေးရှားနိုင်ငံကို ပို့နေတယ်ဆိုတဲ့ စွဲချက်နဲ့ အလုပ်သမား ပို့ပေးတဲ့ ရန်ကုန်အေဂျင်စီ ၁၂ ခုက တာဝန်ရှိသူ တွေကို ဇန်နဝါရီလ ၁၇ ရက်နေ့မှာ အာဏာပိုင်တွေက ဖမ်းဆီးလိုက်ပါတယ်။

ဒါ့အပြင် ယုဇနပလာဇာက မလေးရှား ဗီဇာအတုလုပ်တဲ့ဂိုဏ်းကိုလည်း ဖမ်းဆီးလိုက်တယ်လို့ RFA က စုံစမ်းသိရပါတယ်။ အဖမ်းခံရတဲ့အလုပ်သမားအေဂျင်စီတွေထဲမှာ ဗိုလ်အောင်ကျော်လမ်းနဲ့လမ်း ၄၀ မှာရုံးခန်းဖွင့်လှစ်ထားတဲ့ ရတနာရွှေမိုး၊ ပွင့်ဖူးဝေနဲ့ဝင်းကုမ္ပဏီတွေ ပါဝင်ပါတယ်။

နောက်ထပ်လည်း ဖော်ထုတ်ဖမ်းဆီးနိုင်ဖို့ ရဲတွေက အလုပ်သမားပွဲစားတွေကို လိုက်လံရှာဖွေနေတယ်လို့သိရပါတယ်။ မလေးရှားနိုင်ငံကို သွားရောက် အလုပ်လုပ်ကိုင်မယ့် မြန်မာအလုပ်သမား ၈၀ ကျော်ကို ဇန်နဝါရီလ ၁၄ ရက်နေ့ ညနေပိုင်းက ရန်ကုန်မင်္ဂလာဒုံလေဆိပ်မှာ ဗီဇာအပါအဝင် စာရွက်စာတမ်းအတုတွေနဲ့ စစ်ဆေးတွေ့ရှိတဲ့အတွက် လေယာဉ်ပေါ်တက်ခွင့်မပေးဘဲ ပြန်လွှတ်လိုက်အပြီးမှာ အခုလို သူတို့ကို စေလွှတ်တဲ့ အလုပ်သမား အေဂျင်စီတွေကို အာဏာပိုင်တွေက ဖမ်းဆီးတာဖြစ်ပါတယ်။

စစ်အစိုးရအုပ်ချုပ်တဲ့ မြန်မာနိုင်ငံမှာ စားဝတ်နေရေး ကြပ်တည်းလာတဲ့အတွက် အညာနဲ့ ကျေးလက်က လူငယ်တွေက အိမ်နဲ့ လယ်ယာကျွဲနွားတွေကိုရောင်းချ၊ အခုလို အလုပ်သမားအေဂျင်စီတွေကို ငွေပေးပြီး မလေးရှားကိုလာဖို့ကြိုးစားနေကြတာ နှစ်အတန်ကြာပါပြီ။

တချိန်ထဲမှာပဲ မလေးရှားနိုင်ငံမှာ မြန်မာနိုင်ငံသား ၁၆ ယောက်ကို လူကုန်ကူးမှုနဲ့ မလေးရှားစစ်သားနှစ်ယောက်ကို ဒီကနေ့ ရုံးတင်တရားစွဲဆိုလိုက်ပါတယ်။ အဲဲဒီ မြန်မာနိုင်ငံသား ၁၆ ယောက်ထဲမှာ အသက် ၁၅ နှစ်ကနေ ၄၈ နှစ်ကြား အမျိုးသမီး လေးဦးပါဝင်တယ်လို့ သိရပြီး၊ မနှစ်က ဒီဇင်ဘာလအတွင်း ဒီလူကုန်ကူးမှု ဖြစ်ပွားခဲ့တာပါ။

အခုလို လူကုန်ကူးမှုနဲ့တရားစွဲဆိုခံရတဲ့ စစ်သားနှစ်ဦးကတော့ မလေးရှားနိုင်ငံ အနောက်မြောက်ပိုင်း Kedahပြည်နယ်က တပ်စခန်းတခုမှာ တာဝန်ထမ်းဆောင်နေသူတွေဖြစ်ပါတယ်။ သူတို့အနေနဲ့အပြစ်မရှိကြောင်း ဒီကနေ့တရားရုံးမှာ ထွက်ဆိုခဲ့ကြပေမယ့် တကယ်လို့ပြစ်မှုထင်ရှားရင် ၁၅ နှစ်ထက်မပိုသော ထောင်ဒဏ် ဒါမှမဟုတ်ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံရဖို့ ရှိပါတယ်။

တရားသူကြီးကတော့ အာမခံအဖြစ် တဦးကို ရင်းဂစ်ငွေ ၆၀၀၀ စီ သတ်မှတ်ထားပြီး လာမယ့် ဖေဖော်ဝါရီ ၂၂ ရက်နေ့မှာ တရားရုံးချိန်းဆင့်ခေါ်ထားပါတယ်။



# သတင်းတိုထွာဖတ်စရာ

## ဒဏ်ခတ်မှုဖယ်ရှားစေလိုတဲ့အာဆီယံ

မြန်မာနိုင်ငံမှာ ရွေးကောက်ပွဲလည်းပြီး၊ ဒေါ်စုလည်းပြန်လွတ်လာတာကြောင့် အီးယူနဲ့ အမေရိကန်တို့က မြန်မာ နိုင်ငံ အပေါ်ကျင့်သုံးနေတဲ့ စီးပွားရေးဒဏ်ခတ်ပိတ်ဆို့မှုတွေကို ဖယ်ရှားတာကိုအာဆီယံကအလိုရှိနေပါတယ်။ ဒဏ်ခတ် ပိတ်ဆို့မှုတွေက နိုင်ငံတိုးတက်ရေးအပေါ် အကျိုးသက်ရောက်မှုတွေရှိလို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံတွင်းက ဘောဂဗေဒပညာရှင်တဦးဖြစ်တဲ့ ခင်မောင်ညို(ဘောဂဗေဒ)က အကျိုးသက်ရောက်မှုရှိတာအမှန်ဖြစ်ပေမဲ့ မြန်မာ့စီးပွားရေးအပေါ် အဓိကအကျိုး သက်ရောက်နေတာကတော့ နိုင်ငံ့စီးပွားရေး လုပ်ဆောင် အကောင်အထည်ဖော်မှုမမှန်တဲ့အတွက်ကြောင့် လို့ဆိုပါတယ်။ အဲန်အဲလ်ဒီက ပြစ်မှတ်ထားဒဏ်ခတ်ပိတ်ဆို့မှုတွေကိုဆက်ထားစေလိုပါတယ်။ (REUTERS, IRRAWADDY, 17.1.2011)

---

## နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေး

နအဖကျင်းပတဲ့ရွေးကောက်ပွဲဝင်ပါတီတပါဖြစ်တဲ့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီက မြန်မာနိုင်ငံတွင်းရှိ နိုင်ငံရေးအကျဉ်းသားတွေကိုလွှတ်ပေးဖို့တောင်းဆိုလိုက်ပါတယ်။ အစိုးရဟာစနစ်သစ်တခုကို ပြောင်းလဲတဲ့အခါ နိုင်ငံရေးအကျဉ်းသားတွေကို ဦးဆုံးလွှတ်ပေးသင့်တယ်လို့ ယုံကြည်ကြောင်းဆိုပါတယ်။ နိုင်ငံ့ဂုဏ်သိက္ခာကိုသမ္မတသစ်အနေနဲ့ အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်တခုပေးသင့်တယ်လို့ ပြောပါတယ်။ မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသား ၂၁၇၈ ဦးရှိတယ်လို့ ထိုင်းအခြေစိုက် နိုင်ငံရေးအကျဉ်းသားကူညီစောင့်ရှောက်ရေးအသင်းက ဆိုပါတယ်။ (MIZZIMA, 19.1.2011)

---

## မြန်မာပြည်က ကြက်ငှက်တုပ်ကွေး

စစ်တွေမှာ သုံးလသား ကြက်ကောင်ရေ ၇၀၀ လောက်ဟာ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးရတယ်လို့ သံသယဖြစ်နေပါတယ်။ သေဆုံခဲ့တဲ့ကြက်နမူနာကို ရန်ကုန်သို့ပို့ပြီးစစ်ဆေးတဲ့အခါပြင်းထန်တဲ့ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်နိုင်ခြေများတယ်လို့ဆိုပါတယ်။ တိမွေးကုဦးစီးဌာနက သတိထားဖို့နဲ့သေဆုံးမှုတွေရှိရင်သက်ဆိုင်ရာကို အသိပေးအကြောင်းကြားဖို့ သတိပေးထားပါတယ်။ အဲဒါအပြင် ဒိုက်ဦး။ ပြွန်တံဆာ။ ညောင်လေးပင်ဘက်မှာ ပြောင်းရွှေ့ ငှက်တွေသေဆုံးတာကိုလည်းတွေ့ရပါတယ်။ (XINHUA, 19.1.2011)

## အခွန်ကောက်ခံမှုနှင့် အဲန်ဂျီအိုများ

မြန်မာစစ်အာဏာပိုင်တွေက နိုင်ငံတွင်းအခွန်ကောက်ခံတဲ့စနစ်တခုကို စတင်ကျင့်သုံးနေပါပြီ၊ ပြည်တွင်းနဲ့ပြည်ပက အဲန်ဂျီအိုတွေဟာ ပြည်တွင်းမှာရှိတဲ့ လုပ်ငန်းတွေဆီကနေ ထုတ်ကုန်နဲ့ဝန်ဆောင်မှုတွေကိုဝယ်ယူတဲ့အခါ အခွန် ၃% ကို ဝယ်ယူမယ့်ပမာဏအလိုက် ပြည်တွင်းအခွန်များဦးစီးဌာနကိုအရင်ပေးသွင်းပြီး အဲဒီလိုပေးသွင်းပြီး ကြောင်းအထောက်အထားနဲ့ဝယ်ယူမယ့်ကျသင့်ငွေထဲကနေ ၃% နုတ်ပြီးသားငွေကိုသာ လုပ်ငန်းတွေဆီပေးချေရမယ်လို့ သတ်မှတ်ထားပါတယ်။ (IRRAWADDY, 15.1.2011)

---

## အင်္ဂလိပ်ဘာသာရောဝတီစာစောင်ကံကြမ္မာ

အင်္ဂလိပ်ဘာသာနဲ့ပုံနှိပ်ထုတ်ဝေနေတဲ့ ရောဝတီစာစောင်ဟာ ငွေကြေးအခြေအနေတွေကြောင့် ရပ်ဆိုင်းရတော့မှာဖြစ်ပါတယ်။ အင်တာနက်အွန်လိုင်းမှာတော့ ဆက်လက်ဖတ်ရှုနိုင်ဦးမှာဖြစ်ပါတယ်။ ရောဝတီကိုထူထောင်သူလည်းဖြစ်၊ အယ်ဒီတာလည်းဖြစ်တဲ့ ကိုအောင်ဇော်က အင်မတန်မှကိုခက်ခဲလှတဲ့ဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ ဒါပေမဲ့ လက်တွေ့ကျကျဆုံးဖြတ်လုပ်ဆောင်ရမှာဖြစ်ကြောင်း ပြောပါတယ်။ (TIME MAGAZINE, 18.1.2011)

---

## နေပြည်တော်စတော့ဈေးကွက်

တောင်ကိုရီးယားရဲ့အကူအညီနဲ့ နအဖမြို့တော်နေပြည်တော်မှာစတော့ဈေးကွက်တခုကို ထူထောင်နိုင်ဖို့ ဆွေးနွေးမှုတွေစတင်နေပြီလို့သိရပါတယ်။ ဒါပေမဲ့လည်းတောင်ကိုရီးယားဘက်ကတော့ ဘာမှမဆုံးဖြတ်သေးဘူးလို့ဆိုပါတယ်။ မြန်မာနိုင်ငံမှာသဘာဝ အရင်းအမြစ်ကြွယ်ဝပေမဲ့ နှစ်ပေါင်းငါးဆယ်လောက် စစ်တပ်ရဲ့မှားယွင်းတဲ့ စီးပွားရေးစီမံခန့်ခွဲမှုအောက်မှာနေခဲ့ရတဲ့အတွက်နဲ့ အနောက် နိုင်ငံ တွေရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကြောင့် တိုးတက်မှုတွေမရှိပါဘူး။ (STRAITS TIMES, 20.1.2011)

---

## ကာကွယ်ရေးဦးစီးချုပ်ကိုယ်စားလှယ်

မြန်မာစစ်အာဏာပိုင်တွေက ဇန်နဝါရီ ၃၁ ရက်မှာကျင်းပမယ့် လွှတ်တော်အစည်းအဝေးတက်ရောက်မယ့် ကာကွယ်ရေးဦးစီးချုပ်ကိုယ်စားလှယ်ဖြစ်တဲ့ စစ်တပ်အရာရှိတွေရဲ့စာရင်းကို ကြေညာလိုက်ပါတယ်။ရာထူးအမြင့်ဆုံးဟာ ဗိုလ်မှူးကြီးဖြစ်ပြီး အနိမ့်ဆုံးက ဗိုလ်ကြီးတွေဖြစ်ပါတယ်။ သူတို့တတွေဟာ ကာကွယ် ရေးဦးစီးချုပ်ကခန့်ထားသူတွေဖြစ်တာကြောင့် အမိန့်နာခံဖို့ပဲရှိပါတယ်။(AP,21.1.2011)

# တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ရုံးများ ပြင်ဆင်ဆောက်လုပ်မှု မပြီးသေး

**DVB ၊ ဂျန်နဝါရီ ၁၈ ။** ။ နအဖစစ်အစိုးရက ကြီးမှူးပြီး နှစ်နှစ်ဆယ်ကျော်အတွင်း ပထမဆုံးအနေနဲ့ လွှတ်တော်ကို ဒီလ ၃၁ ရက်နေ့မှာခေါ်ယူဖို့ ကြေညာထားပြီးဖြစ်ပါတယ်။ ဒီလိုကြေညာထားပေမယ့်လည်း လွှတ်တော်ခေါ်ဖို့ နှစ်ပတ်သာ လိုတော့ပေမယ့် အခုအချိန်အထိ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေအတွက် အဆောက်အအုံတွေကို ပြင်ဆင်ဆောက်လုပ်မှုတွေ မပြီးပျက်သေးတဲ့ အခြေအနေမျိုးတွေဖြစ်နေပါတယ်။

လွှတ်တော်ရုံးတွေအဖြစ် အရင်က တိုင်းအေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီရုံး (တယက) တွေ၊ ပယက (ခေါ်) ပြည်နယ်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီရုံးတွေကို ပြင်ဆင်ပြောင်းလဲဖွင့်လှစ်ဖို့ ပြင်ဆင်နေတာလည်းဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော်ရုံးဝန်ထမ်းအင်အား တိုးချဲ့မှုတွေပါရှိပြီး အဲ့ဒီအတွက် အခြားဌာနဆိုင်ရာတွေက အစိုးရဝန်ထမ်းတွေကို ခွဲတမ်းကျပြောင်းရွှေ့ထမ်းဆောင်နေကြရတာမျိုးတွေလည်းဖြစ်ပေါ်နေပါတယ်။ တိုင်းနဲ့ပြည်နယ်အသီးသီးက မြို့တော်တွေက တိုင်းတရားရုံးတွေကိုလည်း ပြင်ဆင်မှုတွေပြုလုပ်နေတာကြောင့် အမှုတွေမစစ်ဆေးနိုင်ဖြစ်နေကြပြီး ခရိုင်နဲ့မြို့နယ်တရားရုံးတွေမှာပြောင်းရွှေ့ အမှုကြားနာနေရတာ တွေလည်းရှိနေပါတယ်။ ဒီလိုအခြေအနေထဲကရှမ်းပြည်နယ်လွှတ်တော်အတွက် ပြင်ဆင်နေမှုအခြေအနေတွေကိုတောင်ကြီးမြို့ခံဝန်ထမ်းတဦးက အခုလိုရှင်းပြပါ တယ်။

“ရှမ်းပြည်က သူတို့က နအဖခေတ်မှာ သုံးပိုင်းခွဲထားတာ။ အဲဒီသုံးပိုင်းရဲ့လွှတ်တော်တခုလုံးက တောင်ကြီးမှာရုံးစိုက်မယ်ဆိုတော့ ပြည်နယ်လွှတ်တော်က ကျမတို့ တောင်ကြီးမှာ ကျားခေါင်းအဆောက်အဦးဆိုတာရှိတယ်။ ပြည် နယ်တောင်ကြီး အစည်းအဝေးခန်းမပေါ့။အဲဒီမှာ လွှတ်တော်ထိုင်မယ်လိုဆိုပြီးတော့သိရတယ်။ အဲဒီအဆောက်အဦးကိုလည်းပြင်နေတယ်။ အဲဒီအဆောက်အဦရဲ့ နောက်မှာလည်း အဆောက်အဦအသစ်တွေ ဆောက်နေတယ်။”

တောင်ကြီးမြို့က ဆောက်လုပ်ရေးလုပ်ငန်းအများစုကို GE တင်ဒါ ညွှန်ကြား ဆောက်လုပ်နေတာဖြစ်ပြီး အရင် ကိုလိုနီခေတ် Shan Goverment က အဆောက်အဦးတွေကိုလည်း ပြင်ဆင်မှုတွေ လုပ်နေပြီး လူမျိုးစု တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်တွေအတွက် နေအိမ်တွေ စီစဉ်ပေးနေတယ်လို့လည်း အဲ့ဒီမြို့ခံဝန်ထမ်းက ဆိုပါတယ်။

မွန်ပြည်နယ်ရဲ့ ပြည်နယ်လွှတ်တော်ကိုလည်း မြို့တော်ဖြစ်တဲ့ မော်လမြိုင်မြို့ ပြည်နယ်အေးချမ်းသာရေးနဲ့ဖွံ့ဖြိုးရေးကော်ဆီရုံးမှာ ဖွင့်လှစ်ပြင်ဆင်နေသလို ရုံးဖွဲ့စည်းပုံတွေကိုလည်း တိုးချဲ့ထားတယ်လို့ ရွေးကောက်ပွဲအနိုင်ရ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီဥက္ကဋ္ဌနိုင်ငွေသိန်းက ဆိုပါတယ်။

“ပြည်နယ်အေးချမ်းသာယာရေးနဲ့ဖွံ့ဖြိုးရေးရုံးမှာပဲလုပ်မှာပါ။ တခြားရုံးအသစ်တော့ ဆောက်တာလည်းမတွေ့ဘူး။ အဲ့ဒါကိုပြင်နေတယ်လို့ပြောတယ်။ ပဝကရုံးကို ဆောက်ပေးတဲ့စာရင်း ပြောင်းသွားတယ်။ ဥပမာအရင်တုန်းက ဒုညွှန်ကြားရေးမှူးဆိုတာမရှိဘူး။ ဒုညွှန်ကြားရေးမှူး ၂ ယောက်တောင် ရှိလာတဲ့အနေအထားရှိတယ်။ အခုဗိုလ်ကြီး ၂ ယောက်ရောက်လာလို့ အောက်ကတပ်တွေလည်း တော်တော်တိုးထားတယ်ပြောတယ်။ ဒါပေမယ့် အဲလိုတော့မရဘူး။ တော်တော်လေးတိုးချဲ့တာ၊ ၂ ဆလောက်တိုးချဲ့ထားတယ်ပြောတယ်။”

အလားတူ ရခိုင်ပြည်နယ်ရဲ့ ပြည်နယ်လွှတ်တော်ကိုလည်း ပယကရုံးမှာပဲ ဖွင့်လှစ်မှာဖြစ်ပြီး လွှတ်တော်အစည်းအဝေးတွေကိုတော့ စစ်တွေမြို့ မြို့တော်အခန်းမမှာ ပြုလုပ်ဖို့ ရာထားမှုတွေရှိနေတယ်လို့လည်းသိရပါတယ်။ ကချင်ပြည်နယ်က ပြည်နယ်လွှတ်တော်အတွက် ပြင်ဆင်နေမှုအခြေအနေတွေကိုလည်း မြစ်ကြီးနားမြို့ခံ ဝန်ထမ်းတဦးက အခုလို ပြောပြပါတယ်။

“အသစ်အနေအထားတော့ မကြားသေးဘူး။ ဟိုတုန်းကပြည်နယ်ကောင်စီရုံးပဲဖြစ်မယ်ထင်တယ်။နေရာအသစ်တော့ဆောက်တာမတွေ့သေးဘူး။ အိမ်တွေဘာတွေတော့ ပြင်နေတာတွေ့တယ်။ ရုံးလည်းလုပ်ထားတာတွေ့တယ်။ ပြည်နယ်ဖွေ့အုပ်ရုံးပေါ့လေ။ အခုတော့ ပဝတရုံးလို့ခေါ်တာပေါ့။ ဟိုတုန်းကတော့ ပြည်နယ်ကောင်စီရုံးပေါ့။ ကျနော်တို့ အတွင်းဘက်တော့ဝင်မကြည့်ဘူး။ အပြင်ဘက်တော့ အုတ်တံတိုင်းတွေ ဘာတွေနဲ့ တော်တော်မြင့်မြင့် ခတ်ထားတယ်။ ရေဝတီမြစ်ကမ်းနားနဲ့ အိမ်တွေဘာ တွေတော့ ပြင်နေကြတယ်။ ဆေးသုတ်တာတို့ အဟောင်းတွေပြန်ပြီးတော့ လုပ်နေတာတို့ လုပ်နေတယ်။ ဝန်းတွေဘာတွေလည်း ပြန်လုပ်နေတယ်။”

အလားတူ ချင်းပြည်နယ် ဟားခါးမြို့မှာလည်း လွှတ်တော်ရုံးတွေနဲ့ လွှတ်တော်အစည်းအဝေးခန်းမတွေကို အလားတူပြင်ဆင်မှုတွေပြုလုပ်နေတယ်လို့မြို့ခံအချို့ကဆိုပါတယ်။ တိုင်းဒေသတွေထဲက လွှတ်တော်ကိုယ်စားလှယ်နေရာအများဆုံးရှိမယ့် စစ်ကိုင်းဒေသကြီးရဲ့ လွှတ်တော်ကိုတော့ မုံရွာမြို့မှာ ဖွင့်လှစ်နိုင်ဖို့အတွက် တယရရုံးအပါအဝင် တိုင်းတရားရုံးတွေကို ပြုပြင်မှုတွေ လုပ်နေသလို ကေ ၄၀ စီမံကိန်းအနေနဲ့ လွှတ်တော်ဆိုင်ရာ အဆောက်အအုံသစ်တွေကို ဆောက်လုပ်ဖို့ ပြင်ဆင်နေတယ်လို့ မုံရွာမြို့ခံ စီးပွားရေးလုပ်ငန်းရှင်တဦးက ပြောပါတယ်။

“အသစ်ဆောက်တာက မုံရွာက ကမ်းနားလမ်းမှာ။ ကေ ၄၀ စီမံကိန်းလို့ ပြောတယ်။ အရင် တရာတရုံးအဟောင်းနေရမှာပဲ။ မူရင်းအဆောက်အဦးကို ပြင်ဖို့ ထပ်ချဲ့တာတွေလည်း ရှိတယ် ၂ နေရာပေါ့။ မူလအဆောက်အဦးက ကြည့်မကောင်းတဲ့ ဟာတွေ အကုန်လုံးရှင်းလင်း ဆေးပြန်သုတ်၊ အသစ်ပုံစံပေါ့။ ကပ်လျက်အဆောက်တွေကို အဆောင်ထပ်ချဲ့ပေါ့။ တချို့ဟာကျတော့ နံရံတခြမ်းကို ချဲ့ပြီး ခန်းမထပ်ချဲ့တာပေါ့။”

ဒီဆောက်လုပ်ရေးလုပ်ငန်းတွေကြောင့် အိမ်ထောင်စုအချို့ ပြောင်းရွှေ့ပေးခဲ့ရတယ်လို့လည်း သတင်းတွေထွက်ပေါ်နေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးရဲ့အမျိုးသားလွှတ်တော်ကိုတော့ ပြည်လမ်းမပေါ်မှာရှိတဲ့ အရင်က ပြည်သူ့လွှတ်တော်အဆောက်အဦမှာ ပြုလုပ်မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်နှစ်ခုပေါင်း ပြည်ထောင်စုလွှတ်တော်အဆောက်အအုံကိုတော့ နေပြည်တော်မှာ အပြီးမွန်းမံမှုတွေ ပြုလုပ်နေပါတယ်။

---

# သီရိမင်္ဂလာဈေးသည်များ အခက်တွေ့

**DVB ၊ ဂျန်နဝါရီ ၂၀ ။** ။ သီရိမင်္ဂလာဈေးသစ် ပြောင်းရွှေ့ခဲ့ပြီးတဲ့နောက် ဈေးသည်တွေရဲ့ ရောင်းအားထက်ဝက်လောက် ကျဆင်းသွားတယ်လို့ ကုန်စိမ်းဈေးသည်တွေက ပြောပါတယ်။

အထူးသဖြင့် သစ်သီးဈေးသည်တွေရဲ့ လက်လီဈေးကွက် ပျက်သလောက်ဖြစ်နေတယ်လို့လည်း ဆိုပါတယ်။ ဈေးသည်တွေ ရောင်းအားကျနေသလို တချိန်တည်းမှာပဲ ကုန်စိမ်းဈေးနှုန်းတွေ ထက်ဝက်လောက် ဈေးတက်နေပြီးဈေးတက်ရတဲ့ အကြောင်းကိုလည်း သူက ခုလိုပြောပါတယ်။

“ဆိုင်အရောက်သယ်ယူရတဲ့ စရိတ်တက်သလို၊ တန်ဗိုတွေ သတ်မှတ်လိုက်တော့လည်း..ဥပမာအားဖြင့်ဗျာ မုန်လာဥတစီးကို တကယ်တမ်းရောင်းဈေး က ၁,၂၀၀ ပဲရှိတယ်။ အဲဒီမှာကားခက ပထမ ၄၀၀ ကနေ ထက်ဝက်ကျော်လောက်တက်တယ်ဗျ။ တက်တော့ မုန်လာဥ ရောင်းဈေးကာ,၂၀၀၊ ကားခချည်းပဲ ၈၀၀ ဖြစ်သွားတယ်။ ရထားနဲ့ ဝင်နေတဲ့ ကုန်တွေက ဈေးမတက်ဘူး။ ကားတွေနဲ့ဝင်ရတဲ့ ကုန်တွေက ဈေးတက်တယ်။ ဈေးတက်တဲ့အတွက်လည်း အရောင်းအဝယ်က ကျတယ်။”

အရင်ဈေးဟောင်းမှာတုန်းက ဆိုင်နား ကုန်စိမ်းကားရပ်ပြီး ကုန်ချလို့ရခဲ့ပေမယ့် ဈေးသစ်မှာ ကားရပ်စခန်းနဲ့ ဈေးဆိုင်တွေက ဝေးတာကြောင့် အထမ်းခတွေပါ ပိုကုန်လာနေတာဖြစ်ပါတယ်၊ ဈေးအသစ်ဆောက်တာတောင် စနစ်တကျ မပြီးသေးခင် ပြောင်းရွှေ့ခိုင်းတာရဲ့ အကျိုးဆက်တွေ ဖြစ်ပါတယ်။

# ကလေးမြို့တွင် ဓာတ်ဆီဆိုင်မြို့ပြင်ထုတ်၍ ဆူပူမှုကို စိုးရိမ်လို့ လုံခြုံရေးချ

**DVB ၊ ဂျန်နဝါရီ ၁၈ ။** ။ အများပြည်သူကို အန္တရာယ်မပြုတဲ့ တက္ကသိုလ်ကျောင်းတွေကိုမြို့ပြင်မှာထားတဲ့ အာဏာပိုင်တွေအနေနဲ့ အများပြည်သူအတွက် အန္တရာယ်ဖြစ်စေမယ့် လောင်စာဆီဆိုင်တွေကို မြို့ပြင်မှာထားရှိဖို့ ကလေးမြို့ ဒေသခံတွေက လိုလားနေပါတယ်။

စစ်ကိုင်းတိုင်း ကလေးမြို့မှာ ပြီးခဲ့တဲ့သီတင်းပတ်က ဓာတ်ဆီဆိုင်မီးလောင်ခဲ့ပြီးတဲ့နောက် ဓာတ်ဆီဆိုင်မြို့ပြင်ထုတ်ပေးရေးအတွက် တောင်းဆိုမှုကြောင့် ဆန္ဒပြပွဲဖြစ်မှာကိုစိုးရိမ်ပြီး ဓာတ်ဆီဆိုင်ကို လုံခြုံရေးတိုးမြှင့်ချထားတယ်လို့ ကလေးမြို့ခံတဦးက ပြောပါတယ်။

"အဲဒီမီးလောင်တဲ့ ဆီဆိုင်ရှေ့မှာ ရဲတွေတွေ့တယ်၊ မီးသတ်ကားတွေ့တယ်။ ဘာဖြစ်လို့လဲလို့ ရဲကိုမေးကြည့်တော့ အဲဒီ ဆီဆိုင်ကို မီးရေး၊ ထင်းရေး၊ စိတ်မချလို့ ကလေးမြို့ခံတွေက မြို့ပြင်ထုတ်ဖို့ပြောတာပေါ့။ တင်ပြထားတာပေါ့။ တင်ပြထားတာကို ရဲတွေက လုံခြုံရေးစောင့်ပေးနေရတာတဲ့။ တက္ကသိုလ်တွေကျတော့ မြို့ပြင်ထုတ်ပြီးတော့ ဆီဆိုင်တွေကျတော့ မြို့တွင်းမှာဆိုတော့ မလွယ်ဘူးလေ၊ ဘီအိုစီရှေ့မှာ ရဲတွေရှိတယ်၊ လုံခြုံရေးစောင့်နေကြတာ။"

ပြီးခဲ့တဲ့သီတင်းပတ်က ကလေးမြို့ပင်လုံရပ်ကွက်တွင်းက မြတ်မေတ္တာမွန်စက်သုံးဆီအရောင်းဆိုင်မှာ ဓာတ်ဆီတင်တဲ့ကား မီးလောင်မှုဖြစ်ပွားခဲ့ပါတယ်။ ကားသမားက မောင်းပြေးတဲ့အတွက် မြေအောက် ဓာတ်ဆီလှောင်ကန်ကိုမကူးစက်ခဲ့ဘူးလို့ဆိုပါတယ်။ဒါကြောင့်အစိုးရကတက္ကသိုလ်ကျောင်းတွေကိုကျတော့ မြို့ပြင်မှာထားရှိပြီး အများပြည်သူအတွက် အန္တရာယ်ရှိမယ့်ဓာတ်ဆီဆိုင်တွေကို မြို့တွင်းမှာထားတာကို မကျေနပ်လို့ ဒေသခံတွေကစာတင်တာလို့ ဆိုပါတယ်။

လွန်ခဲ့တဲ့ သီတင်းပတ်တွင်းမှာပဲ ကလေးတက္ကသိုလ်တွေက ကျောင်းသားတွေက ကားခ ၁၀၀ ကျပ်ကနေ ၂၀၀ ကျပ်ကို တင်တဲ့အပေါ် မကျေနပ်လို့ လမ်းလျှောက်ဆန္ဒပြခဲ့ပါတယ်။ ကားသမားတွေက လက်ရှိ ဒီဇယ်ဈေးနဲ့ ကျောင်းကားခ ကျပ် ၁၀၀ မကိုက်လို့ သက်ဆိုင်ရာကို အကူအညီတောင်းပြီး ကျပ် ၂၀၀ ကောက်ခွင့်ပေးလို့ကောက်ပြီးနောက် သုံးရက်အကြာမှာ ဆန္ဒပြပွဲဖြစ်ခဲ့တာပါ။

အခင်းဖြစ်စဉ်မှာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်မှူးက ခန္တီးမြို့နယ်ဘက်ကနာဂပွဲတခုကို သွားနေလို့ ပြန်မလာခင် ကျပ် ၁၀၀ နဲ့ ပြေးဆွဲပေးဖို့ အောက်ခြေတာဝန်ရှိသူတွေက ယာယီနှစ်သိမ့်ပေးခဲ့ပါတယ်။ ကလေးတက္ကသိုလ်ကကလေးမြို့ကနေ ခုနစ်မိုင်အကွာ၊ ကွန်ပျူတာတက္ကသိုလ် က ၁၃ မိုင်၊ နည်းပညာတက္ကသိုလ်က ခြောက်မိုင် အသီးသီးဝေးပါတယ်။ ဝေးတဲ့ကွန်ပျူတာကတ္တသိုလ်ဆို ဘယ်ကားသမားမှ မလိုက်ချင်ဘူးလို့ဆိုပါတယ်။ သမိုင်းဝင်ရုံလေးလုံးအရေးတော်ပုံအပြီး တက်လာတဲ့စစ်အစိုးရက တက္ကသိုလ်တွေကို မြို့ပြင်ထုတ်ခဲ့တာဖြစ်ပါတယ်။

အရင်တုန်းက ကလေးမြို့မှာ ကားခက ကျပ်ငါးဆယ်ဖြစ်ပြီး အဲဒီတုန်းက ဒီဇယ်တဂါလန်ကို ၁၆၀၀ နဲ့ အစိုးရထံက ဝယ်ရပြီး အပြင်မှာ ၃,၀၀၀ ကျပ်ပေါက်ပါတယ်။ ကားသမားက ကျောင်းကားခ ၅၀ ကျပ်ကို မမက်ဘဲ ဆီပိုကို အပြင်မှာရောင်းစားတာက တွက်ခြေကိုက်ပါတယ်။ အခုကဒီဇယ်တဂါလန်ကို သုံးထောင့်ခုနှစ်ရာကျပ်နဲ့ ဝယ်ထည့်ရပြီး ကားခက တရာကျပ် ဖြစ်တော့ တွက်ခြေလုံးဝကိုက်ဖြစ်နေတာလို့ ကားသမားတွေဘက်ကပြောပါတယ်။ ကျပ်တသောင်းရတဲ့ကားတခေါက်ကို ဆီဖိုးကခြောက်ထောင်ကျပြီး ကျန်တဲ့လေးထောင်က ဒရိုင်ဘာနဲ့ စပယ်ယာကို ပေးရတာရှိတာမို့ မကိုက်ဘူးလို့ ဆိုပါတယ်။

ကျောင်းသားတွေ ဘက်ကလည်း တလကို ၂၂ ရက်ကျောင်းတက်ရက်မှာ တရက်ကို ကျပ်လေးရာဆိုရင် ၂၂ ရက်မှာ ရှစ်ထောင့်ရှစ်ရာကျနေတာမို့လက်မခံနိုင်ဖြစ်တာလို့ဆိုပါတယ်။ ကားသမားတွေကို ကားဆွဲသာအောင်အစိုးရက ဒီဇယ်ဈေး နှုန်းထားတမျိုးနဲ့ ရောင်းပေးတာပဲဖြစ်ဖြစ်၊ တက္ကသိုလ်တွေကို မြို့တွင်းပြောင်းရွှေ့တာပဲဖြစ်ဖြစ်၊ ကျောင်းနားမှာ အဆောင်တွေ ဆောက်လုပ်တာပဲဖြစ်ဖြစ် နည်းလမ်းအသွယ်သွယ်ရှာကြံ ဖြေရှင်းသင့်တယ်လို့ မြို့ခံတွေကြားမှာ ပြောဆိုနေပါတယ်။

---

## ပြက္ခဒိန်မှ

**ဂျန်နဝါရီ ၂၀ ၊ DVB ။ ။** သီရိမင်္ဂလာဈေးသစ် ပြောင်းရွှေ့ခဲ့ပြီးသည့်နောက် ဈေးသည်များ၏ ရောင်းအားထက်ဝက်လောက် ကျဆင်းသွားကြောင်း ကုန်စိမ်းဈေးသည်တဦးမှ ပြောဆိုကြောင်း။

**ဂျန်နဝါရီ ၂၀ ၊ Irrawaddy ။ ။** အာဆီယံ၏ မြန်မာအပေါ် နိုင်ငံတကာမှပိတ်ပင်မှုများရုပ်တန့်ရန် တောင်းဆိုမှုသည် အခါမသင့်သေးကြောင်း သတင်းစာအာဘော်မှ ဝေဖန်သုံးသပ်၏။

**ဂျန်နဝါရီ ၂၀ ၊ DVB ။ ။** နအဖသည် စစ်အုပ်ချုပ်ရေးအဖွဲ့သည် တိုင်းရင်းပြည်သူများအပေါ် အထူးသဖြင့် ချင်းလူမျိုးများအပေါ် အဓမ္မလုပ်အားပေးစေခြင်း၊ အဓမ္မပြုကျင့်မှုများ၊ သတ်ဖြတ်ခြင်းများအပါအဝင် လူ့အခွင့်အရေးဖေါက်ဖျက်မှုများကို ကျင့်သုံးနေသည်ကို Physicians for Human Rights ၏ကွင်းဆင်းထောက်လှမ်းချက်များ အစီရင်ခံစာမှဆို၏။

**ဂျန်နဝါရီ ၂၁ ၊ DVB ။ ။** နအဖသည် ပြည်သူ့လွှတ်တော်သည့် စစ်အရာရှိ ၁၁၀ ဦး၊ အမျိုးသားလွှတ်တော် (အထက်လွှတ်တော်) သို့ ၅၆ ဦး တိုင်းနှင့်ပြည်နယ်အတွက် ၂၂၂ ဦး စုစုပေါင်း ၃၈၈ ဦး ခန့်အပ်လိုက်ကြောင်း နအဖသတင်းများမှဆို။။

**ဂျန်နဝါရီ ၂၁ ၊ RGN-news wires ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် အင်တာနက်စတင်သုံးခွင့်ရပြီဖြစ်ကြောင်း ဦးဝင်းထိန်မှဆို၏။

**ဂျန်နဝါရီ ၂၁ ၊ NYT ။ ။** ဗမာစစ်သား သတင်းရုပ်ရှင်တွင် နအဖတပ်တွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အဲလ်ဒီအားထောက်ခံသည့် စစ်သည်များစွာရှိကြောင်း အသက်လုံခြုံရေးအတွက် ပြြင်နေကြကြောင်း အမိကာလရုပ်ဆောင်တဦး တိုက်ပွဲများတွင် ခြေတဖက်လက်တဖက်ဆုံးခဲ့သူ မျိုးမြင့်မှဆို၏။

**ဂျန်နဝါရီ ၂၁ ၊ Mizzima ။ ။** ကြံ့ဖွံ့ USDP သည် ရှမ်းပါတီကျားဖြူပါတီသို့ မဲလိမ်မှုအတွက် စွဲဆိုသောအမှုတွင် ရှုံးနိမ့်ခဲ့၏။

**ဂျန်နဝါရီ ၂၁ ၊ Mizzima ။ ။** ၁၄ ရွယ်တွင် စစ်ထဲအသွင်းခံခဲ့ရပြီး ယခု ၂၂ နှစ်ရှိ ဇင်အောင်အား တပ်ပြေးမှုဖြင့် ထောင် ၃ နှစ်ခွဲ ပစ်ဒဏ်အပေးခံရကြောင်း။

**ဂျန်နဝါရီ ၂၁ ၊ DVB ။ ။** ရှမ်းပြည် တီကျစ်မိုင်းသည် လေထုညစ်ညမ်းစေပြီး ဒေသခံများ၏ကျန်းမာရေးကိုထိခိုက်စေကြောင်း ပအိုဝ်းလူငယ်အဖွဲ့ PAO မှဆို၏။

**ဂျန်နဝါရီ ၂၁ ၊ DVB ။ ။** တောင်ကိုးရီးယားသည် မြန်မာ၏ စတော့က်ဈေးကွက်ကို မျက်စေ့ကျနေကြောင်း။

**ဂျန်နဝါရီ ၂၂ ၊ Nation ။ ။** တိုက်ပွဲများကြောင့် မြန်မာသည် တာချီလိတ် ဂိတ်အား ပိတ်လိုက်ကြောင်း။

**ဂျန်နဝါရီ ၂၂ ၊ DVB ။ ။** စွမ်းအင်ဝန်ကြီးသည် ဓါတ်ဆီကို ပုဂ္ဂလိကသို့လွှဲပေးနေခြင်းကို သဘောမကျကြောင်း။

**ဂျန်နဝါရီ ၂၂ ၊ VOA ။ ။** ထိုင်းမြန်မာနယ်စပ်မှာ မြန်မာတပ်ဖွဲ့တွေနှင့် တိုင်းရင်းသားလက်နက်ကိုင်တွေအကြား တိုက်ပွဲသတင်းတွေကို ရယူပြီး မြန်မာနိုင်ငံဖက်မှ ထိုင်းနိုင်ငံထဲသို့ ဝင်ရောက်လာသူ ဓါတ်ပုံသတင်းထောက်နှစ်ဦးကို ထိုင်းအာဏာပိုင်မှ ဖမ်းဆီးပြီး သက်ဆိုင်ရာနိုင်ငံတွေကို ပြန်ပို့ရန်စီစဉ်နေကြောင်း။

# ကုလသမဂ္ဂက မြန်မာ့လူ့အခွင့်ရေးအခြေအနေ သုံးသပ်ဆွေးနွေးပွဲကျင်းပ

**DVB ၊ ဂျန်နဝါရီ ၁၈ ။** ။ ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့က ကမ္ဘာ့ကုလသမဂ္ဂရုံးမှာ မြန်မာနိုင်ငံက လူ့အခွင့်ရေးအခြေအနေကို ပြန်လည်သုံးသပ်တဲ့ ဆွေးနွေးပွဲတခု ကျင်းပနေပါတယ်။ ကုလသမဂ္ဂ လူ့အခွင့်ရေးကောင်စီက ဦးစီးကျင်းပတာဖြစ်ပြီး ကုလသမဂ္ဂဆိုင်ရာ ညွန့်ပေါင်းအစိုးရ အန်စီဂျီယူဘီ ကိုယ်စားလှယ်ဒေါက်တာ သောင်းထွန်းနဲ့ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း AAPP မှ ကိုဘိုကြည်အပါအဝင် တိုင်းရင်းသားအဖွဲ့တွေက ကိုယ်စားလှယ်တွေလည်း တက်ရောက်နေပါတယ်။

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတွေက လူ့အခွင့်ရေးအခြေနေတွေကို နှစ်စဉ် အလှည့်ကျ သုံးသပ်ဆွေးနွေးနေရာမှာ အခုနှစ်မှာတော့ မြန်မာနိုင်ငံအတွက် အလှည့်ကျတာလို့သိရပါတယ်။ ဒီဆွေးနွေးပွဲအကြောင်း ပိုမိုသိရဖို့ ဒေါက်တာ သောင်းထွန်းကို ကိုသန်းဝင်းထွဋ်က ဆက်သွယ်မေးမြန်းထား ပါတယ်။

"ဟုတ်ကဲ့ ဗမာပြည်အကြောင်းကို သုံးသပ်တာက ပထမဦးဆုံး အကြိမ်မှာ ထူးခြားမှု ဘယ်လိုရှိသလဲဆိုတဲ့အခါကျတော့ ကျနော်တို့ ၁၉၉၂ ခုနှစ်ကစပြီးတော့ လူ့အခွင့်အရေးကော်မရှင်တွေ လုံခြုံရေးကောင်စီတွေမှာ ဆွေးနွေးတာ ဆုံးဖြတ်တာတွေအပြင်ကို ဒီတခါကျတော့ မြန်မာစစ်အစိုးရအပိုင်းကလည်း သူတို့ရဲ့ လူ့အခွင့်အရေးနဲ့ပတ်သက်လို့ လုပ်ဆောင်မှုတွေကို အစီရင်ခံစာ တင်ရတယ်။ ကျနော်တို့ လူ့အခွင့်အရေးကိစ္စတွေနဲ့ ပတ်သက်ပြီး လုပ်ဆောင်နေတဲ့အဖွဲ့အစည်းတွေကလည်း အားလုံးပူးတွဲပြီးတော့ ကျနော်တို့ အစီရင်ခံမှုတွေလုပ်ပါတယ်။ ဒီအခြေခံမှာ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံတွေကနေ ဒါတွေကို လေ့လာစမ်းစစ်ပြီးတော့ လာမယ့် ဇန်နဝါရီလ ၂၇ ရက်နေ့မှာ ဆွေးနွေးမှုတွေ လုပ်ပါမယ်၊ အဲဒီဆွေးနွေးမှုတွေကနေ အကြံပေးမှုတွေ ဝေဖန်ထောက်ပြမှုတွေ လုပ်ကြမှာဖြစ်ပါတယ်။"

အန်စီဂျီယူဘီ အမျိုးသားညွန့်ပေါင်းအစိုးရအနေနဲ့ ဘယ်လိုမျိုးဆွေးနွေးတင်ပြတာတွေ ရှိသလဲဆရာ။ ဘယ်အချက်တွေကို ထောက်ပြထားတာရှိလဲဆရာ။

"ကျနော်တို့ အဓိက ထောက်ပြတဲ့ အချက်တွေကတော့ပထမတခု အနေနဲ့ဗမာပြည်မှာ ရွေးကောက်ပွဲဖြစ်သွားပေမယ့်လို့ လူ့အခွင့်အရေးပြဿနာတွေက တိုးတက်ကောင်းမွန်လာမှုမရှိသေးဘူးလို့ အထူးသဖြင့် နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော် အဲဒီအကျဉ်းထောင်တွေမှာရှိနေတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ တကယ့်အင်အားစု အားလုံးပါဝင်တဲ့ ဒီမိုကရေစီကူးပြောင်းမှု ဖြစ်ဖို့ဆိုရင် နိုင်ငံရေးအကျဉ်းသားတွေကို လွှတ်ပြီးတော့ ကျနော်တို့ လုပ်ဆောင်ခွင့် ပေးသင့်တယ်။ "

"ဒုတိယအချက်ကတော့ တိုင်းရင်းသားဒေသတွေမှာ ဖြစ်နေတဲ့ လူ့အခွင့်အရေး အခြေအနေတွေနဲ့ပတ်သက်လို့ တိုင်းရင်းသားဒေသတွေမှာ ဖြစ်နေတဲ့ အဓမ္မရွှေ့ပြောင်းမှုတွေ၊ အဓမ္မလုပ်အားပေးမှုတွေ၊ ကျနော်တို့ တိုင်းရင်းသူအမျိုးသမီးတွေကို အဓမ္မကျင့်ကြံမှုတွေ ဒီကိစ္စတွေရှိပါတယ်။ နောက်တခုက ခြုံပြောရရင် ကျနော်တို့နိုင်ငံသားတွေရဲ့ နိုင်ငံရေးနဲ့ လူ့အခွင့်အရေးဆိုင်ရာနဲ့ပတ်သက်တဲ့ ချိုးဖောက်ခံရတာတွေကော နိုင်ငံသားတွေရဲ့ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ ချိုးဖောက်ခံမှုတွေပေ့ါ။ ဒီကိစ္စတွေ အားလုံးကို ခြုံပြီးတော့ အကဲဖြတ်ပြီး တိုက်တွန်းထားတဲ့ အချက်ကတော့ မြန်မာနိုင်ငံက လူ့အခွင့်အရေးကောင်စီမှာ ဆွေးနွေးတာလည်း နှစ်ပေါင်း ၂၀ နီးပါးလောက်ရှိပြီ။ နအဖအနေနဲ့ကလည်း လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ဆက်လုပ်နေတာတွေ့ရတယ်။ လူ့အခွင့်အရေး ချိုးဖောက်မှုတွေကို တစ်စုံတစ်ရာ အရေးယူ တာ မတွေ့ရသလို ဗမာနိုင်ငံရဲ့ တရားစီရင်ရေး မဏ္ဍိုင်ကလည်း ပြည်သူလူထုရဲ့ လူ့အခွင့်အရေးအခြေအနေကို ကာကွယ်နိုင်တဲ့ အနေအထားမရှိဘူး။ ဒါကြောင့်မို့လို့ ကုလသမဂ္ဂက အထူးစုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့သင့်တယ်ဆိုတဲ့ ကိစ္စကို ဖောင်းပေးတင်ပြခဲ့တယ်။"

ဟုတ်ကဲ့ ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာ ကင်တားနား အဆိုပြုထားတဲ့စုံ စမ်းစစ်ဆေးရေးကော်မရှင်မြန်မာနိုင်ငံရဲ့ လူအခွင့်အရေး ချိုးဖောက်မှုတွေနဲ့ပတ်သက်ပြီးတော့ စုံစမ်းစစ်ဆေးဖို့ ကော်မရှင်ဖွဲ့ရေးဖွဲ့နိုင်ရေး၊ အလားအလာနဲ့ပတ်သက်လို့ အခု ဂျနီဗာရောက်နေတဲ့အခါမှာ ဘယ်လိုမြင်ရလဲ။

"ကျနော်တို့ ခုနလေးပဲ လက်တင်အမေရိကားက နိုင်ငံတနိုင်ငံနဲ့ ဆွေးနွေးပါတယ်။ ဆွေးနွေးတဲ့အခါမှာ စုံစမ်းစစ်ဆေးရေး ကော်မရှင်ဖွဲ့ရေးကိစ္စကို သူတို့အနေနဲ့ ထောက်ခံတယ် ဆိုတဲ့သဘောမျိုးတွေ့ရတယ်။ ဘာကြောင့်လဲဆိုတော့ လက်တင်အမေရိကားနိုင်ငံ တော်တော်များများက ကျနော်တို့လိုပဲ စစ်အာဏာရှင်စနစ်ရဲ့ ဖိနှိပ်မှုအောက်ကနေ သူတို့ရုန်းကန်ပြီးတော့ ဒီမိုကရေစီအသွင်ကူးပြောင်းတဲ့ နိုင်ငံတော်တော်များများလည်းဖြစ်ပါတယ်။"

---

# ကျားနိုင်ကြောင်း ကြပ်ပြေးကအမိန့်ချ

**DVB ၊ ဂျန်နဝါရီ ၁၈ ။** ။ ရွေးကောက်ပွဲအတွင်း မဲမသမာမှုနဲ့ ကြံ့ခိုင်ရေးပါတီက တရားစွဲဆိုတဲ့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ခေါ် ကျားဖြူပါတီရဲ့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်မြေအမှတ် (၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စိုင်းမွန်းရဲ့အမှု အနိုင်ရကြောင်း နေပြည်တော်ရှိ ပြည်ထောင်စု ကော်မရှင်ခုံရုံးက ဒီကနေ့ အမိန့်ချမှတ်ခဲ့တယ်လို့ စိုင်းမွန်းက ပြောပါတယ်။

ယှဉ်ပြိုင်ဖက်ဖြစ်တဲ့ ကြံ့ခိုင်ရေးပါတီမှ ဒေါက်တာစိုင်းခမ်းလှိုင်ကို မဲပေါင်း ၂၀၀၀ ကျော် အပြတ် အနိုင်ရတဲ့အပေါ် လက်နက်ကိုင်အဖွဲ့အစည်းရဲ့ခြိမ်းခြောက် အားပေးမှု ကြောင့်လို့ စွပ်စွဲထားတာဖြစ်ပါတယ်။ ဒီအမှုမှာ ဒေါက်တာစိုင်းခမ်းလှိုင်ဘက်က သက်သေမခိုင်လုံလို့ဆိုပြီး ခုံရုံးက အမိန့်ချတာလို့ စိုင်းမွန်းကအခုလို ပြောပါတယ်။

"ကျနော့်ကို လျှောက်ထားတဲ့လူက ဒေါက်တာစိုင်းခမ်းလှိုင်ဘက်က သက်သေခိုင်လုံမှုမရှိလို့ ကျနော့်ဘက်ပိုင်းကို ပြည်ထောင်စုကော်မရှင် ခုံရုံးက နေအမှုကို ပလပ်လိုက်ပါတယ်ခင်ဗျာ။ ခုံရုံး အမှတ် (၃) ၂၀၁၀၊ အဲလိုပဲ စီရင်ချက်ချလိုက်ပါတယ်။"

အမှုအနိုင်ရတဲ့အတွက် ပါလီမန်တက်ဖို့ ၂၇ ရက်နေ့ နောက်ဆုံးနေပြည်တော်ကိုတက်ရောက်လာဖို့ဖိတ်ကြားစာလည်း နေပြည်တော်ကပို့ထားပြီးပြီလို့သိရပါတယ်။ ရွေးကောက်ပွဲအတွင်း မဲမသမာမှုနဲ့ပတ်သက်ပြီး ကြံ့ခိုင်ရေးဘက်က စိုင်းမွန်းရဲ့အမှု အပါအဝင် ၃ မှု စွဲထားတဲ့အတွက် နောက်ထပ် အမှုရင်ဆိုင်ဖို့ ၂ မှု ကျန်သေးတယ်လို့ ကွန်ဟိန်းမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် နန်းဝါနုက ပြောပါတယ်။

"သူတို့ကြံ့ခိုင်ရေးဘက်က ရှမ်းပါတီကို တရားစွဲထားတာ ၃ မှု ရှိတယ်။ အဲဒီ ၃ ခုမှာ ပထမဦးဆုံးစဆွဲတဲ့ စိုင်းဇော်ထွန်းအမှုက မပြီးသေးဘူးရှင့်။ နောက်ထပ် ကြံ့ခိုင်ရေးက ဒေါ်ပိုင်းဆိုတာ ကျမတို့ကချင်ပြည်ရဲ့ လွှတ်တော်ပေ့ါနော်။ မိုးမောက်က ကချင်ပြည်နယ်လွှတ်တော် ဦးမျိုးအောင်ဆိုတာကို နောက်ထပ် တမှု စွဲတင်ထားတယ်။"

ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဟာ တနိုင်ငံလုံးအတိုင်းအတာနဲ့ကြံ့ခိုင်ရေးပါတီ၊ တစညပါတီပြီးရင် ၅၇ နေရာ အမတ်နေရာ တတိယ အများဆုံး အနိုင်ရတဲ့ပါတီဖြစ်ပါတယ်။ အလားတူပဲ တခြားနိုင်ငံရေးပါတီဖြစ်တဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ၊ ဒီမိုကရက်တစ် (မြန်မာ) ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီထဲက လွှတ်တော်အမတ်တချို့ကိုလည်း ကြံ့ခိုင်ရေးပါတီက မဲမသမာမှုနဲ့တရားစွဲထားပါတယ်။

# ပါလီမန်ဥက္ကဋ္ဌတဦး တိုင်းရင်းသားတဦးအား ရွေးချယ်ရေးအဆို တစည ထောက်ခံ

**DVB ၊ ဂျန်နဝါရီ ၁၈ ။** ။ လာမယ့်ပါလီမန်မှာ ဒုတိယ ဥက္ကဋ္ဌတဦးကို တိုင်းရင်းသားတွေထဲက ရွေးချယ်ပေးဖို့အဆိုပြုချက်ကို သူတို့ပါတီက အပြည့်အဝထောက်ခံတယ်လို့ အမတ်နေရာ ၆၄ ဦးနဲ့ ဒုတိယအများဆုံးအနိုင်ရထားတဲ့ တစည တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ပြောဆိုလိုက်ပါတယ်။ ၃၁ ရက်နေ့မှာ စတင်ကျင်းပတော့မယ့် ပါလီမန်အတွက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် ၁၇ ဦးရဲ့ အစည်းဝေးနဲ့ပတ်သက်ပြီး မေးမြန်းစဉ် ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဟန်ရွှေက အခုလို ပြောကြားခဲ့ပါတယ်။

"ကျနော်တို့ သဘောထားနဲ့ပတ်သက်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ မထွန်းပြုတဲ့ နိုင်ငံရေးလမ်းကြောင်း အတွင်းမှာပဲ သွားဖို့ဆိုတဲ့ သဘောထား တချက် ပေါ့။ နောက်တခုက ကျနော်တို့ ပြည်သူ့အသံနဲ့ဆန္ဒဟာ လွှတ်တော်ထဲကို ရောက်ရှိစေရမယ်ဆိုတဲ့ သဘောထား။ နောက်တခုက ကျနော်တို့နေဖို့ထိုင်ဖို့ အခုတော့ ဟိုကနေစီစဉ်နေကြပါပြီ။ လွှတ်တော်ကိုယ်စားလှယ်တွေ စီလည်း ဖိတ်စာတွေရပါတယ်။ နေမှုတိုင်မှု သွားမှုလာမှု အဲဒီလမ်းညွှန်တွေလည်း ပါတယ်။"

ကျန်တဲ့နယ်ကလူတွေကျတော့ သူ့ဘာသာ တည်းရမှာပေါ့။

"နယ်ကလူတွေလည်း ဖိတ်စာတွေ ရောက်နေပါပြီ။ ရန်ကုန်ဆိုရင်လည်း ရန်ကုန်မှာပဲ တည်းရမှာပေါ့။ ရန်ကုန်က ကျနော်သိရသလောက် ဟိုတုန်းက လွှတ်တော် အဆောက်အဦးအဟောင်းပေါ့။ အဲဒီမှာပဲ တက်ကြရမယ်ပြောတယ်။ တခြားပြည်နယ်နဲ့ တိုင်းတွေလည်း ဒီအတိုင်းပဲ။ ကျင်းပတဲ့အချိန်မှာ အချိန်မီ ရောက်အောင် ကျနော်တို့ ကိုယ်စားလှယ်တွေ သွားတက်ရောက်ကြမှာ ဖြစ်ပါတယ်။"

ပါလီမန်က နှစ်ပတ်တောင် မလိုတော့ဘူး။ ဆိုတော့ အန်ကယ် မနေ့တနေ့က တိုင်းရင်းသား ၅ ဖွဲ့ ညီအစ်ကိုညီနောင်များဆိုပြီး ပူးတွဲကြေညာချက်ထုတ်တာတို့ ပူးတွဲဆောင်ရွက်တာတို့ ရှိတယ်။ အန်ကယ်တို့ကော မဟာမိတ်တို့ ညီနောင်တို့ ဘယ်လိုများ စဉ်းစားထားတာရှိပါသလဲ။

"ကျနော်တို့ အခုထိ မဟာမိတ်ဖွဲ့တာမရှိပါဘူး။ ခုနက ကျနော်ပြောသလိုပဲ လွှတ်တော်ထဲမှာ ဖြစ်လာမယ့် issue တွေပေါ်မှာ မူတည်ပြီးတော့ဒီအကြောင်းအရာက ပြည်သူတွေအတွက် အကျိုးရှိမယ်၊ နိုင်ငံအတွက် အကျိုးရှိမယ်ဆိုရင်ဘယ်သူနဲ့ဖြစ်ဖြစ် ပူးပေါင်းပြီးတော့ ဆောင်ရွက်မယ်ဆိုတဲ့သဘောထားပါ။ ကျယ်ပြန့်တဲ့ သဘောထားပါ။ ဘယ်သူနဲ့တော့ ပေါင်းလုပ်မယ်၊ဘယ်သူနဲ့တော့ ပေါင်းမလုပ်ဘူး၊ ဒီလိုဟာမျိုး ကျနော်တို့မရှိပါဘူး၊ အဲဒါပါပဲ။ အကြောင်း အရာပေါ်မူတည်ပါတယ်။ ဒီအကြောင်းအရာက ပြည်သူတွေ အတွက် အကျိုးမရှိဘူး၊ နိုင်ငံအတွက် အကျိုးမရှိဘူးဆိုရင် ဘယ်သူပဲလုပ်လုပ်ကျနော်တို့ ပူးပေါင်းဆောင်ရွက်မှာ မဟုတ်ဘူး။"

နောက်တခုက တိုင်းရင်းသားတွေ ပြောတဲ့အပေါ်မှာကော ပြောလို့ရလား။ သူတို့က အနည်းဆုံး ဒုသမ္မတတဦး တိုင်းရင်းသားတွေထဲက ပေးသင့်တယ်။ ပြည်နယ်မှာလည်း ပေးသင့်တယ်ဆိုတဲ့ အဆိုပြုချက်တွေပေါ်မှာကော ဘာများ ပြောစရာရှိလဲ။

"ကျနော်တို့ အနေနဲ့ ပြောရမယ်ဆိုရင်တော့ ကျနော်တို့ ဒီဟာက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီလို့ ကျနော်တို့အမည်ခံထားတာကို။အဲတော့ လွှတ်တော်မှာ အများစု မရတာတောင်မှ တော်တော်များများ အရွေးခံရတာ ရှမ်းနဲ့ရခိုင်နဲ့ အရွေးခံရတာရှိပါတယ်။ ရှမ်းပြည်နယ် ဦးစိုင်းအိုက်ပေါင်းတို့က လည်း တော်တော်များများ အရွေးခံရတယ်။ ဒေါက်တာအေးမောင်တို့လည်း အရွေးခံရတယ်။ အဲတော့ ကျနော့် သဘောထားပြောရရင် ကျနော်တို့ကလည်း တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီဆိုတော့ တိုင်းရင်းသားထဲက ဒုသမ္မတတဦးထားပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်မယ်ဆိုရင်တော့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပေါ့။ အမျိုးသားပြန်လည်သင့်မြတ်ရေး ဒါတွေက အကုန်လုံး တော်တော်လေးကိုကြည့်လုပ်မယ့် အနေအထားမျိုးရှိမယ်လို့ ကျနော်တို့ အဲလိုပဲ သဘောထားပြောချင်ပါတယ်။"

နောက် ဆန်ရှင်ကလည်း ငြင်းနေကြလို့ဗျာ။ တိုင်းရင်းသားတွေကတော့ တရားဝင် စည်းမျဉ်းထုတ်ပြီး တောင်းဆိုတယ်၊ ဆန်ရှင်ရုတ်ပေးဖို့ကို။ အန်ကယ်တို့ကော တခုထပ်ပြောစရာ ရှိမလား။

"ကျနော်တို့က ၉၆ ခုနှစ် စကတည်းက ဒီဆန်ရှင်နဲ့ ပတ်သက်ပြီးတော့ လုံးဝသဘောမတူပါဘူး။ ကျနော်တို့ဆန့်ကျင်တယ်။ ဒါဟာ Targeded ဆန်ရှင်ပဲဖြစ်ဖြစ်၊ General ဆန်ရှင်ပဲဖြစ်ဖြစ်၊ ဘယ်လိုပဲပြောပြော ဒီဟာတွေက တိုက်ရိုက်မဟုတ်တောင်မှသွယ်ဝိုက်ပြီးတော့ပြည်သူရဲ့အကျိုးစီးပွားကိုထိခိုက်တယ်လို့ ကျနော်တို့က ခံယူတဲ့အတွက် ကျနော်ခုနက ပြောသလို ရုတ်သိမ်းလိုက်ရင်တော့ ကျနော်တို့ကြိုဆိုမယ့် ပါတီ ပါဘဲ။"

မဆလတဖြစ်လည်း တစညပါတီဟာ နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲမှာ ၆၄ ဦးအနိုင်ရပေမယ့် အဲဒီထဲက ၈ ဦးကို ကြံ့ခိုင်ရေးပါတီကိုယ်စားလှယ်တွေက တရားစွဲဆိုထားတဲ့အတွက် မနက်ဖြန် ၁၉ ရက်နေ့မှာ တခြားပါတီက ကိုယ်စားလှယ် တဒါဇင်ကျော်လို နေပြည်တော်မှာ စတင်ကြားနာဖို့ ရှိနေတယ်လို့လည်း သိရပါတယ်။

---

# စစ်သားအမတ်စာရင်းကြေညာ

**DVB၊ဂျန်နဝါရီ ၂၀။** ။ နိုဝင်ဘာ ၇ ရက် ရွေးကောက်ပွဲရလဒ်တွေအရ နအဖက လာမယ့် ၃၁ ရက်နေ့မှာ ပထမဆုံးခေါ်ယူမယ့် လွှတ်တော်အစည်းအဝေးတွေအတွက်တက်ရောက်ဖို့ ကာကွယ်ရေးဦးစီးချုပ်က တိုက်ရိုက်ခန့်ထားတဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းရဲ့ အမည်စာရင်းတွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အတည်ပြုပြီး ဒီကနေ့ထုတ်ပြန်လိုက်ပါတယ်။

ဒီထုတ်ပြန်ချက်ကို အစိုးရရုပ်မြင်သံကြားဌာနတွေကနေ ည ၈ နာရီ သတင်းမှာ ထည့်သွင်းကြေညာသွားတယ်လို့ ရန်ကုန်မြို့ခံ အငြိမ်းစားအရာရှိတဦးက ခုလိုပြောပြပါတယ်။

"တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကနေပြီး ပေးပို့လာတဲ့အတွက်ကြောင့် သူတို့ကော်မရှင်ကနေ ထုတ်ပြန်လိုက်ပါတယ်ဆိုပြီးတော့ အဲဒီလို ကြေညာတာ၊ အမျိုးသားလွှတ်တော်အတွက်က ဥပမာ ၅၀ ပေါ့၊ ပြည်သူ့လွှတ်တော်အတွက်က ၁၂၀ စသည်ဖြင့်ပေါ့၊ အရေအတွက်ကိုပဲ ကြေညာသွားတာ၊ဘယ်သူဘယ်ဝါဆိုတာကတော့မနက်ဖြန်ထုတ်တဲ့ သတင်းစာတွေမှာ ပါမှာတဲ့။"

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကာကွယ်ရေးဦးစီးချုပ်ကတိုက်ရိုက်ခန့်ထားတဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တွေဟာ အောက်လွှတ်တော်လို့ ခေါ်တဲ့ ပြည်သူ့လွှတ်တော်မှာ ၁၁၀ ဦး၊ အထက်လွှတ်တော် ခေါ်တဲ့ အမျိုးသားလွှတ်တော်မှာ ၅၆ ဦးတို့နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေမှာလည်း အသီးသီး ပါဝင်ကြမှာဖြစ်ပါတယ်။ ကာကွယ်ရေးဦးချုပ်က တိုက်ရိုက်ခန့်အပ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က အတည်ပြုပေးလိုက်တဲ့ ဒီတပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အမည်စာရင်းတွေမှာဆိုရင်တော့ ဗိုလ်မှူးအဆင့်ရှိ ပြန်တမ်းဝင်အရာရှိတွေအများ စုပါဝင်ပြီး သူတို့ကို လွှတ်တော်အတွင်း လုပ်ကိုင်ရမယ့် လုပ်ငန်းစဉ်တွေနဲ့ နိုင်ငံရေးသင်ခန်းစာတွေကိုလည်း သင်ကြားပို့ချပြီးဖြစ်ပါတယ်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အမည်စာရင်းတွေကို ထုတ်ပြန်ကြေညာပြီး ဖြစ်ပေမယ့်လည်း သူတို့အတွက် ပြဋ္ဌာန်းသက်မှတ်ထားတဲ့ ကိုယ်စားလှယ်စည်းမျဉ်းစည်းကမ်းချက်တွေကိုတော့ထုတ်ပြန်ကြေညာခြင်းမရှိသေးပါဘူး။

# ပြည်ခိုင်ဖြိုးပါတီအမတ်တွေ ကာကွယ်ရေးဦးစီးချုပ်ရဲ့ အမိန့်နာခံရဖို့သေချာ

**VOA ၊ ဂျန်နဝါရီ ၂၀ ။** ။ မြန်မာနိုင်ငံမှာ ဒီလကုန်ပိုင်းရောက်ရင် ကျင်းပမှာဖြစ်တဲ့ လွှတ်တော်မှာပါဝင်ဖို့ စစ်တပ်က ခန့်ထားတဲ့ လွှတ်တော်အမတ် ၂၅% ရဲ့ စာရင်းတွေကို ရွေးကောက်ပွဲကော်မရှင်က မနေ့ကထုတ်ပြန်လိုက်ပါတယ်။ ဒီစာရင်းထဲမှာစစ်တပ်ထဲက ဘယ်လိုအဆင့် ခေါင်းဆောင်တွေပါလာနိုင်ပါသလဲ၊ ပါလီမန်ထဲမှာရော ဘာတာဝန်တွေ ယူကြမှာလဲ၊ အမတ်နေရာအများစုရထားတဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေး ပါတီနဲ့ ဆက်ဆံရေးမှာရော ဘယ်လိုအခြေအနေ ရှိနိုင်သလဲ၊ အကြောင်း စုံသိနိုင်အောင် အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံရဲ့ ယာယီ သံရုံးတာဝန်ခံအဖြစ်တာဝန်ယူခဲ့ဖူးတဲ့ စစ်ထောက်လှမ်းရေးအထက်တန်း အရာရှိဟောင်း ဦးအောင်လင်းထွဋ်ကို ကိုဝင်းမင်းက ဆက်သွယ်မေးမြန်းပြီး တင်ပြပေးထားပါတယ်။

ကိုအောင်လင်းထွဋ်ခင်ဗျား၊ စစ်တပ်ကခန့်တဲ့ လွှတ်တော်အမတ်စာရင်းကို ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်လိုက်ပြီလို့ မြန်မာ့အသံက မနေ့ညက ကြေညာခဲ့ပါတယ်။ အဲဒီလို ကြေညာတဲ့အခါမှာ အထက်လွှတ်တော်ဖြစ်တဲ့ အမျိုးသားလွှတ်တော်အတွက် ၅၆ ဦး၊ အောက်လွှတ်တော်ဖြစ်တဲ့ ပြည်သူ့လွှတ်တော်အတွက် ၁၁၀၊ ပြည်နယ်နဲ့ တိုင်းဒေသကြီး အဆင့်တွေ အတွက်တော့ ၂၂၂ ဦးလို့ ကြေညာသွားတာတွေ့ရပါတယ်။ အခုလို အရေအတွက်တွေကို ကြေညာသွားပေမဲ့ စစ်တပ်က အမတ်တွေရဲ့ နာမည်စာရင်းကိုတော့ ထုတ်ပြန်ကြေညာသွားတာမရှိပါဘူး။ အဲဒီစာရင်းကို ဒီနေ့ သတင်းစာတွေမှာထုတ်ပြန်ကြေညာမယ်လို့ ဖော်ပြသွားတာတွေ့ရပါတယ်။ အဲဒီတော့ အခု လို ခန့်အပ်လိုက်တဲ့အမတ်တွေထဲမှာ စစ်တပ်က ဘယ်လိုရာထူးအဆင့်ရှိတဲ့ ခေါင်းဆောင်တွေ ပါလာနိုင်မယ်လို့ မှန်းဆကြည့်လို့ ရပါသလဲ။

“အမျိုးသားလွှတ်တော်နဲ့ပြည်သူ့လွှတ်တော် ၂ ရပ်မှာတော့တပ်မတော်ကနေ အနိမ့်ဆုံးဗိုလ်မှူးကြီးအဆင့် အထက်ရှိတဲ့ လူတွေကို ရွေးချယ်တာဝန်ပေးမယ်လို့ ထင်ပါတယ်။ အဲဒီလို ရွေးချယ်တာဝန်ပေးတဲ့အခါမှာ တိုင်းမှူးတွေရှိမယ်၊ တပ်မမှူးတွေရှိမယ်၊ ကာကွယ်ရေးဝန်ကြီးဌာနက အထူးစစ်ဆင်ရေးအဖွဲ့မှူးတွေရှိမယ်၊ ဒီအဖွဲ့မှူးတွေကတော့ မပါမနေရအနေနဲ့ ပြည်သူ့လွှတ်တော်ထဲမှာ ပါလာပါလိမ့်မယ်။

“အလားတူ စစ်ရုံးမှာရှိတဲ့ စစ်ထောက်ချုပ်တို့၊ စစ်ရေးချုပ်တို့၊ ကျန်တဲ့ ညွှန်ကြားရေးမှူးရုံးတွေမှာရှိတဲ့ ဗိုလ်ချုပ်တွေကလည်း ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်တွေမှာ လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့ ပါလာကြမှာ ဖြစ်ပါတယ်။”

အဲဒီတော့ နိုင်ငံတော်အဆင့်မှာ ပါလာမယ့် လူအများစုက ၄ လပတ်အစည်းအဝေးတွေမှာပါတဲ့ အဆင့်တွေနဲ့ရော သွားတူနိုင်လား။

“မှန်ပါတယ်ခင်ဗျ။ ၄ လပတ်အဆင့်မှာပါတဲ့သူတွေအားလုံးပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့ ဖြစ်လာဖို့များပါတယ်။”

ဟုတ်ကဲ့၊ နိုင်ငံတော်အဆင့်မှာပေါ့နော်။

“မှန်ပါတယ်ခင်ဗျ။”

အဲဒါဆိုရင်ပြည်နယ်နဲ့တိုင်းဒေသကြီးအဆင့်တွေအတွက်ရော။

“သက်ဆိုင်ရာ စစ်တိုင်းဌာနချုပ်တွေ လက်အောက်မှာ ဗိုလ်မှူးကြီးအဆင့်အမြင့်ဆုံးပေါ့လေ၊ အနိမ့်ဆုံး ဗိုလ်မှူးအဆင့်ပေါ့၊ ဒီပုဂ္ဂိုလ်တွေက တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တွေ အနေနဲ့ သူတို့ ရွေးချယ်ပါလိမ့်မယ်။ အဲဒီလိုရွေးချယ်တဲ့အခါမှာ တိုင်းစစ်ဌာနချုပ်တွေက အလုပ်နည်းပါးတဲ့ စစ်ဦးစီးပထမတန်းတွေရှိပါတယ်။ စစ်ဦးစီးပထမတန်း (ရေး၊ ထောက်)အစရှိသဖြင့် ဒီလိုပုဂ္ဂိုလ်တွေ ကတိုင်းဒေသကြီး၊ ပြည်နယ်ရဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့ပါမှာဖြစ်ပါတယ်။”

အဲဒီအခါ အခုလိုပါလီမန်အမတ်တွေ ပါလီမန်ထဲမှာ လုပ်ပုံကိုင်ပုံ၊ လုပ်ထုံးလုပ်နည်းအရ ဘယ်လိုဖြစ်လာမယ်လို့ ခန့်မှန်းလဲ၊မကြာသေးခင်ကသင်တန်းတွေပေးထားတယ်လို့တော့ ကြားထားပါတယ်။ ကိုအောင်လင်းထွဋ်ရော အဲဒါနဲ့ ပတ်သက်ပြီး ဘယ်လိုထင်ပါသလဲ။

“သင်တန်းတွေပေးတဲ့ သတင်းတော့ ကျနော်လည်းကြားပါတယ်။ သင်တန်းပေးတဲ့ ရည်ရွယ်ချက်ကတော့ လုပ်ထုံးလုပ်နည်း၊လုပ်နည်းလုပ်ဟန်တွေ၊ လုပ်တတ်ကိုင်တတ်အောင်ခေါ်ပြီးတော့ ညှိနှိုင်းပေးတဲ့သဘောပါ။ ရက်တိုသင်တန်း သဘောမျိုးလေးပဲဖြစ်ပါတယ်။ အဲတော့ ပါလီမန် တကယ်ထွက်လာတဲ့အခါမှာ ရေးရာကော်မတီတွေ၊ ဆပ်ကော်မတီတွေ၊ အသီးသီးရှိလာပါလိမ့်မယ်။ ဒီလိုရှိလာတဲ့အခါ အဲဒီတာဝန်တွေကို ထမ်းဆောင်တဲ့အခါ အရပ်သားလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဆက်သွယ်ဆောင်ရွက်တဲ့အခါမှာ လုပ်တတ်ကိုင်တတ်အောင်လည်း တပိုင်းပေါ့လေ။

“နောက်တခုကတော့ ခပ်ကြမ်းကြမ်းလေး ပြောရရင်တော့ မင်းတို့ လွှတ်လိုက်တဲ့ ၂၅% သော တပ်မတော်သားတွေက မင်းတို့ ကာကွယ်ရေးဦးစီးချုပ်ရဲ့ လက်အောက်မှာရှိတယ်၊ မင်းတို့ ယူနီဖောင်းဝတ်ထားတယ်၊ စစ်မှုထမ်းနေဆဲဖြစ်တယ်၊ စစ်မှုထမ်းနေဆဲဖြစ်တဲ့အတွက် စစ်စည်းကမ်းကိုလိုက်နာရမယ်၊ အမိန့်ပေးရင် အမိန့်ပေးတဲ့အတိုင်း လုပ်ရမယ်ဆိုတာကို ခေါ်ပြောတာလည်း ဖြစ်နိုင်ပါတယ်။”

လွှတ်တော်ထဲမှာ ၂၅% ရှိလာတဲ့အခါကြတော့ ကျန်တဲ့ အများစုရထားတဲ့၊ စစ်တပ်ခေါင်းဆောင်ဟောင်း အများစုပါတဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီက အမတ်အများစုနဲ့ ဘယ်လိုဆက်ဆံရေး အနေအထားမျိုးရှိမယ်လို့ ထင်ပါသလဲ။

“ဆက်ဆံရေး ကြားထဲကတော့ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နဲ့ပဲ တိုက်ရိုက်ဆက်ဆံမယ့် အနေအထားမျိုးရှိပါတယ်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီခေါင်းဆောင်တွေအနေနဲ့လည်း ဗိုလ်ချုပ်ကြီးတွေဆိုသော်လည်း စစ်တပ်က ၂၅% ကို သူတို့ အမိန့်ပေးလို့ မရပါဘူး။ သူတို့လိုလားချက်ကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နဲ့ ညှိပြီးလုပ်ရပါမယ်။ ညှိနိုင်ဖို့အတွက်ကလည်း အကြီးဆုံး နိုင်ငံ့ဥသျှောင် ကြီးကရှိနေပါမယ်။ သူ့ရဲ့ ညှိနှိုင်းပေးချက်အရပဲ အခု ၅ နှစ်သက်တမ်း လွှတ်တော်ကတော့ ရှိနေဦးမယ်လို့ ကျနော် မြင်ပါတယ်။”

ဦးအောင်လင်းထွဋ် ပြောပြသွားတာ ဖြစ်ပါတယ်။

# စေ့စပ်ဆွေးနွေးရေး ဆိုရာဝယ်

ခင်မမမျိုး

**ယခင်အပတ်အဆက်**

ဒီလို လုပ်ရမှာ အကြောင်း တစုံတရာကြောင့် စေ့စပ်ဆွေးနွေးမှု မအောင်မြင်ခဲ့ရင် (သို့မဟုတ်) စေ့စပ်ဆွေးနွေးမှုဖြစ်မလာနိုင်တော့ဘူး ဆိုရင် အကောင်းဆုံးဘာလုပ်နိုင်မလဲဆိုတဲ့ best alternative to a negotiated agreement (BATNA) ကိုလဲ နှစ်ဘက်ခေါင်းဆောင်တွေ အနေနဲ့ စဉ်းစားထားဖို့ လိုကြောင်း ထောက်ပြပြောဆိုခဲ့ကြပါတယ်။

စေ့စပ်ဆွေးနွေးရေးနှင့် ချဉ်းကပ်နည်းလမ်း (Approach)

စေ့စပ်ဆွေးနွေးမှုတွေ အောင်မြင်စေဖို့အတွက် လိုအပ်တဲ့ အခြေခံအချက်တွေကိုလဲပညာရှင်များကရေးသားဖော်ပြခဲ့ကြပါတယ်။ ပထမတချက်ကတော့ ချဉ်းကပ်နည်းလမ်း (approach) ပဲ ဖြစ်ပါတယ်။ စေ့စပ်ဆွေးနွေးရေးကို ဘယ်လိုနည်းလမ်းနဲ့ အကောင်အထည် ဖော်မလဲဆိုတာက အောင်မြင်မှုအတွက် အလွန်ပဲအရေးကြီးပါတယ်။များသောအားဖြင့် competitive bargaining နဲ့ collaborative problem solving တို့ကို အသုံးပြုလေ့ရှိပါတယ်။

Competitive bargaining ဆိုတာက တဘက်နဲ့တဘက်အပြိုင်အဆိုင် အပေးအယူ ပြုလုပ်တာဖြစ်ပါတယ်။ Competitive bargaining သဘောတရားကို လွယ်လွယ်ကူကူ ရှင်းလင်းပြောပြနိုင်ဖို့အတွက် Terrence Hopmann ဆိုသူက အောက်ပါပုံကို ရေးဆွဲခဲ့ပါတယ်။

ပုံမှာ ဖော်ပြထားတဲ့ A အမှတ်ဟာ စေ့စပ်ဆွေးနွေးမှုလုပ်မယ့် ဘက်နှစ်ဘက်အနက် တဘက်အတွက် အကောင်းဆုံးအခြေအနေ ဖြစ်ပါတယ်။ B အမှတ်က အခြားဘက်တဘက်အတွက်အကောင်းဆုံးအခြေအနေဖြစ်ပါတယ်။ မြားတွေ ပြောင်းပြန်ဖြစ်နေတာကို ကြည့်ခြင်းအားဖြင့် ဘက်နှစ်ဘက်စလုံးဟာ ကိုယ့်ဘက်က အကောင်းဆုံး အခြေအနေကိုရနိုင်ဖို့အတွက် ဆွဲယူကြိုးပမ်းကြပါတယ်။ ပုံမှာ ဖော်ပြထားတဲ့ A1 , B1 အမှတ်တွေကတော့ BATNA အခြေအနေတွေကို ကိုယ်စားပြုပါတယ်။ ဒီအခြေအနေ နှစ်ခုအကြားမှာ တဘက်နဲ့တဘက် အပေးအယူပြုလုပ်နိုင်မယ့် bargaining space ရှိပါတယ်။

ဒီအခြေအနေမှာ နှစ်ဘက်စလုံးဟာ တဘက်နဲ့ တဘက် စကားစစ်ထိုးရင်း ကိုယ်လိုချင်တဲ့ အကောင်းဆုံးအခြေအနေကို အနီးစပ်ဆုံး ရအောင်လုပ်ကြမှာ ဖြစ်ပါတယ်။ ဒီလိုလုပ်ကြရာမှာ

(က) ကနဦးအနေနဲ့ ကိုယ့်ဘက်က တောင်းဆိုချက်တွေကို အပြန် အလှန် တောင်းဆိုကြမှာ ဖြစ်ပါတယ်။

(ခ) ဘယ်အခြေအနေအထိ နောက်ဆုံးထားပြီး လျှော့ပေးမယ် ဆိုတာကိုနှစ်ဘက်စလုံးက ကိုယ်စီလျှို့ဝှက်စဉ်းစားသတ်မှတ်ချက် တွေရှိလာပါတယ်။

(ဂ) တဘက်နဲ့တဘက် တောင်းဆိုချက်တွေဆီက တင်းမာမှုတွေ လျှော့လာအောင် အပြန်အလှန်ဖိအားပေးမှုတွေ၊ ဆွဲဆောင်မှုတွေ ပြုလုပ်လာပါတယ်။

(ဃ) တဘက်နဲ့တဘက် အလျှော့ပေးမှုလေးတွေ ပြုလုပ်နိုင်ဖို့ အထိ နီးစပ်မှုရှိလာပါတယ်။

(င) အပြန်အလှန် အလျှော့ပေးမှုတွေ ရှိလာပါတယ်။

(စ) မူလတောင်းဆိုထားမှု အခြေအနေနှစ်ခုအကြားကအဖြစ်နိုင်ဆုံးအခြေအနေတခုမှာ သဘောတူညီချက်ရလာပါတယ်။ (သို့မဟုတ်) ဆက်လက်အလျှော့ပေးမှု မလုပ်နိုင်ကြတော့ပဲ စေ့စပ်ဆွေးနွေးမှုပျက်သွားပါတယ်။

ပုံမှာ ဖော်ပြထားတာက နှစ်ဘက်အကြားက အပေးအယူလုပ်မှု သဏ္ဍာန်ဖြစ်ပေမယ့် multi-party negotiations တွေအတွက်လဲ ဖြည့်စွက်အသုံးပြုနိုင်ပါတယ်။

နောက်ထပ် နည်းလမ်းတခုကတော့ collaborative problem solving နည်းလမ်းဖြစ်ပါတယ်။ ပြဿနာဖြေရှင်းမှုမှာကျတော့တဘက်နဲ့တဘက် အပြိုင်အဆိုင်အပေးအယူ၊ အလျှော့အတင်းလုပ်ဖို့မဟုတ်ပဲပြဿနာတခုကို စုပေါင်းအဖြေရှာခြင်းဖြစ်တဲ့အတွက် competitive bargaining နည်းလမ်းနဲ့ကွဲပြားပါတယ်။ Susan Collin Marks ဆိုသူက ဒီနည်းလမ်းကို လူအများနားလည်စေနိုင်ဖို့ ရှင်းလင်းတဲ့ ပုံတပုံ ရေးဆွဲဖော်ပြထားခဲ့ပါတယ်။

ဒီနည်းလမ်းအရ ဘက်နှစ်ဘက်စလုံးက ပါဝင်သူများဟာ ပြဿနာတရပ်ကို အားလုံးရဲ့ ဘုံပြဿနာအဖြစ် သတ်မှတ်ပြီး ရင်ဆိုင်ဖြေရှင်းကြဖို့ ကြိုးပမ်းတာ ဖြစ်ပါတယ်။ ဒီလို ကြိုးပမ်း ဆောင်ရွက်တဲ့ စေ့စပ်ညှိနှိုင်းဆွေးနွေးမှုမှာကျတော့ တဘက်နဲ့တဘက်အကြားမှာဖြစ်တဲ့ ပဋိပက္ခတွေကို ဖြေရှင်းတာ မဟုတ်ပဲ ဖြစ်နေတဲ့ ပြဿနာတွေကို စုပေါင်းဖြေရှင်းအဖြေရှာဖို့ ဆွေးနွေးညှိနှိုင်းကြတာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပဋိပက္ခတွေ ဖြစ်လာတဲ့အခါ ပါဝင်တဲ့ ဘက်တွေအားလုံးက အကြောင်းအရာတွေကို reframing ပြန်လုပ်တတ်ဖို့ အလွန်အရေးကြီးပါတယ်။ ဘယ်သူကမှ compromise မလုပ်နိုင်တော့တဲ့အခြေအနေကျရင်တော့ deadlock ဖြစ်ပါတယ်။ Reframing ဆိုတာက ဒီလို deadlock ကို ဘယ်လို ဖြေရှင်းမလဲဆိုပြီး အကြောင်း အရာတွေကို အမြင်သစ်၊ ရှုထောင့်သစ်တွေကနေ ပြန်လည်ရှုမြင်နိုင်ရန် ကြိုးပမ်းအားထုတ်ခြင်း ဖြစ်ပါတယ်။

ပဋိပက္ခတွေဖြေရှင်းထဲအခါမှာ ဖြစ်ရတဲ့ အခြေခံအကြောင်းရင်းတွေထဲက လိုအပ်ချက် (needs) တွေနဲ့ အကျိုးစီးပွား (interests) တွေကို ဖော်ထုတ်ပြီး ပဋိပက္ခမဟုတ်တဲ့ တခြားဘယ်လိုနည်းနဲ့ ဒါတွေကို ဖြေရှင်းနိုင်မလဲဆိုတာကို ရှုထောင့်သစ်တွေကနေ သုံးသပ်တာဖြစ်ပါတယ်။ ဥပမာ- ငါးတကောင်ကို ကလေးနှစ်ယောက်က လုနေတဲ့အခါ တယောက်ကို တပိုင်းစီရမှ ကျေနပ်မှာလား၊ တယောက်က လေးပုံ-သုံးပုံရပြီး၊ နောက်တယောက်က လေးပုံ-တပုံဆိုရင်ရော အနည်းငယ်ပဲ ရတဲ့ဘက်က ကျေနပ်ပြီး ယူသွားမလား၊ တယောက်က ငါးတကောင်လုံးယူပြီး၊ နောက်တယောက်က တခြားစားစရာ တခုခုရသွားရင်ရော ကျေနပ်နိုင်မလား စတာတွေဖြစ်ပါတယ်။

ဒါကြောင့်လဲ ပဋိပက္ခဖြစ်ပြီး deadlock ဖြစ်နေတဲ့ နိုင်ငံတွေမှာ conflicting parties တွေထဲမှာ မပါဝင်သူတွေက ဘယ်ဘက်မှ မပါ

စာမျက်နှာ ၁၉ သို့

# စီးပွားရေးပိတ်ဆို့မှုနှင့်ပတ်သက်ပြီး ဦးဝင်းတင်၏ အမြင်နှင့် အယူအဆ

**VOA ။ ဂျန်နဝါရီ ၁၉ ။** ။ နှစ်ရှည်လများ ပိတ်ဆို့ထားတဲ့ အနောက်နိုင်ငံ၊ ဒီမိုကရေစီနိုင်ငံများရဲ့မြန်မာစစ်အစိုးရအပေါ် စီးပွားရေးပိတ်ပင်ထားမှုကို ရုတ်သိမ်းသင့်သလား။ ပြောင်းလဲမှုများအတွက် စီးပွားရေးပိတ်ဆို့မှုက အဟန့်အတားဖြစ်နေသလားစတဲ့အကြောင်းအရာများကို အဖွဲ့ချုပ်ဗဟိုကော်မတီဝင် ဦးဝင်းတင်နဲ့ VOA မှ ဆွေးနွေးသုံးသပ်တင်ပြထားပါတယ်။

ဦးကျော်ဇံသာ ။ ။ အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ASEAN Foreign Minister Summit ကနေ မြန်မာနိုင်ငံအပေါ်ချမှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့အရေးယူ ဒဏ်ခတ်မှုတွေကို ပြန်လည်ရုတ်သိမ်းပေးဖို့ တိုက်တွန်းတယ်လို့ဆိုပါတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ပထမဦးဆုံးမေးချင်တာက ဆရာရဲ့ပုဂ္ဂိုလ်ရေးသဘောထားထက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့တရားဝင်သဘောထားထုတ်ပြန်ထားပါသလား။

ဦးဝင်းတင် ။ ။ တရားဝင် သဘောထားလို့တော့ပြောလို့ မရဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဒေါ်အောင်ဆန်းစုကြည် ပြောတဲ့စကားရှိတယ်။ နောက်တခါ ဦးတင်ဦးတို့ပြောတဲ့ စကားတွေရှိတယ်။ လွတ်လပ်ရေးနေ့တုန်းက စီးပွားရေးစာတမ်းတစုတင်ထားတာရှိပါတယ်။ အဲဒီအထဲမှာ sanction နဲ့ ပတ်သက်လို့ စီးပွားရေးပိတ်ဆို့မှုတွေနဲ့ ပတ်သက်လို့ သဘောထားတွေပါပါတယ်။ အဲဒါကဖြင့် ကျနော်တို့ရဲ့တရားဝင်သဘောထားလို့ ပြောမယ်ဆိုလည်းပြောလို့ရပါတယ်။ တခုတော့ ရှိတယ် sanction တခုတည်းတော့ မဟုတ်ဘူး။ ကျန်တဲ့ စီးပွားရေးလုပ်ငန်းတခုနဲ့ ပတ်သက်ပါတယ်။

ဦးကျော်ဇံသာ ။ ။ အဲဒီအထဲမှာမှ sanction နဲ့ ပတ်သက်တဲ့အပိုင်းကို ကွက်ပြီးတော့ ပြောပေးပါ။ တရားဝင်သဘောထားဘယ်လိုလို့ ကျနော်တို့ နားလည်းရမလဲ။

ဦးဝင်းတင် ။ ။ Sanction နဲ့ ပတ်သက်လို့ နားလည်းရမယ့် သဘောထားကတော့ ဒီ sanction တွေဆိုတာက အနောက်နိုင်ငံများ၊ ဒီမိုကရေစီနိုင်ငံများအနေနဲ့နိုင်ငံတနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ ဒီမိုကရေစီရိုက်ချိုးမှုတွေ ရှိလို့ရှိရင် အဲဒါတွေကိုအရေးယူတဲ့အနေနဲ့ ပြည်သူများကို အကာအကွယ်ပေးတဲ့အနေနဲ့ စီးပွားရေးပိတ်ဆို့မှုတွေကိုလုပ်တဲ့ဟာ လုပ်မြဲအစဉ်အလာအတိုင်း လုပ်တာဖြစ်ပါတယ်။ အဲဒါကြောင့် ဒီဟာက ကျနော်တို့ကနေ ချမှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့မှုတွေမဟုတ်ပါဘူး။ ကျနော်တို့က ဖိတ်ခေါ်ထားတဲ့အရေးယူပိတ်ဆို့မှုတွေလည်းမဟုတ်ပါဘူး။ ဒါတွေက ကမ္ဘာ့နိုင်ငံများကနေ ထုံးတမ်းအစဉ်အလာအတိုင်း စစ်အာဏာရှင်နိုင်ငံတွေ၊ အာဏာရှင်နိုင်ငံတွေကို အရေးယူဆောင်ရွက်တဲ့ လုပ်ငန်းတခုမျှသာဖြစ်တယ်လို့ ကျနော်တို့အနေနဲ့ သတ်မှတ်ချင်ပါတယ်။

ဦးကျော်ဇံသာ ။ ။ အခု အနောက်နိုင်ငံတွေက မြန်မာနိုင်ငံကို sanction ပေးထားတဲ့ကိစ္စနဲ့ပတ်သက်လို့ရုတ်သိမ်းပါ။ ဆက်လက်ကျင့်သုံးပါလို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ဘာမှ မပြောဘူးပေါ့။

ဦးဝင်းတင် ။ ။ မပြောပါဘူး။ ကျနော်တို့ ပြောဖို့ ရည်ရွယ်ချက်မရှိဘူး။ စောစောကပြောသလို ကျနော်တို့က ဖိတ်ခေါ်ထားတာလည်းမဟုတ်ဘူး၊ ပိတ်ဆို့ထားတာလည်းမဟုတ်ဘူး။ အဲဒီအတွက် ကျနော်တို့အနေနဲ့ ဘာမှပြောစရာမလိုဘူး။ တကယ်ပြောရမယ့်ဟာကတော့ စစ်အစိုးရက ကျနော်တို့တွေ ဒီလိုပိတ်ဆို့မှုတွေကို ရပ်ဆိုင်းပေးပါ၊ ရပ်ဖို့အတွက် လိုအပ်တဲ့ ဒီမိုကရေစီရိုက်ချိုးမှုတွေ၊ လူ့အခွင့်အရေးပိတ်ပင်မှုတွေ၊ ဖောက်ဖျက်မှုတွေရှိတယ်ဆိုရင် ကျနော်တို့ ရပ်ဆဲပေးပါမယ်လို့ သူတို့ကိုယ်တိုင်က ပြောရမယ့်စကားဖြစ်တယ်။ ကျနော်တို့ဘာမှဝင်ပြောစရာမရှိဘူးလို့ ယူဆပါတယ်။

ဦးကျော်ဇံသာ ။ ။ အဲဒါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပိုင်းကိုမေးတာပါ။ အခု ဆရာရဲ့သဘောထားကို မေးချင်ပါတယ်။ ဆရာအနေနဲ့ စစ်အစိုးရအပေါ်မှာ ပစ်မှတ်ထားပြီးတော့ targeted sanction ပေးထားတဲ့ဟာတွေကို ဆက်လက်ထားရှိဖို့ လိုလားတယ်လို့ပြောထားတာကို တွေ့ရပါတယ်။ ဟုတ်ပါသလား။

ဦးဝင်းတင် ။ ။ ဟုတ်ပါတယ်။ ပြောပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ ပစ်မှတ်ထားပြီး ချမှတ်တဲ့ စီးပွားရေးပိတ်ဆို့မှုတွေဆိုတာ ဗမာပြည်မှာ ကြီးစိုးနေတဲ့ စစ်ဗိုလ်ကြီးတွေ၊ စစ်ဗိုလ်ကြီးတွေရဲ့ဇနီးမိသားစုတွေက တခု။ နောက်တခါ ဒီစစ်ဗိုလ်ကြီးတွေနဲ့ စစ်အာဏာရှင်တွေနဲ့ပေါင်းသင်းပြီးတော့ တိုင်းပြည်မှာ လက်ဝါးကြီးအုပ်နေတဲ့လုပ်ငန်းရှင်တွေကို ပစ်မှတ်ထားတဲ့ စီးပွားရေးပိတ်ဆို့မှုတခု ဖြစ်ပါတယ်။ ဒီဟာတွေတော့ထားကိုထားရမယ်။ ထားလည်း ထားသင့်တယ်။ ထားမှလည်း လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ မတရား ဒီမိုကရေစီအခွင့်အရေးပိတ်ဆို့မှုတွေ ရပ်ဆဲသွားမယ်လို့ မြင်လို့ဖြစ်ပါတယ်။

ဦးကျော်ဇံသာ ။ ။ တချို့ကတော့ အဲဒီလို စစ်ဗိုလ်ကြီးတွေကို target ထားပြီးတော့ သူတို့ရဲ့လက်ဝေခံတွေ၊ စီးပွားရေးကို လက်ဝါးကြီးအုပ်လုပ်နေသူတွေကို ပစ်မှတ်ထားပြီးတော့ အရေးယူဒဏ် ခတ်မယ်ဆိုပေမယ့် သူတို့ကို ထိခိုက်တယ်ထင်ပါသလား။ သူတို့ကို ဒီလိုစီးပွားရေးကို ပစ်မှတ်ထားလုပ်လာပေမယ့် သူတို့က ဆက်လက်ကြီးပွားဆဲ၊ ချမ်းသာနေပြီး သူတို့ရဲ့မူဝါဒ တစက်ကလေးမှ မပြောင်းလဲခဲ့ဘူးဆိုတော့ သူတို့ကို ပစ်မှတ်ထားတာ ပစ်မှတ်ကို ထိပါသလား။

ဦးဝင်းတင် ။ ။ ကျနော်က ဒီလိုပြောချင်တယ်-ပစ်မှတ်ထိခြင်း၊ မထိခြင်းဆိုတာကတော့ အမဲလိုက်တဲ့လူတွေလိုပေါ့။ ပစ်လိုက်တဲ့အခါမှာ လဲသွားရင်တော့ ထိတယ်လို့ ယူဆသလိုပေါ့။ အခုအခါ ဟာကတော့ စစ်အစိုးရအနေနဲ့က ဒီဟာ သူတို့ကိုထိတယ်။ သို့မဟုတ် စစ်အစိုးရနဲ့ အပေါင်းအဖော်တွေထိတယ်ဆိုတာ ထင်ရှားတဲ့အကြောင်းကတော့ ဘာလဲဆိုတော့ ကျနော်တို့ သွေးစက်တွေမြင်နေပြီ၊ လဲကျနေတာတွေမြင်နေပြီ။ သူတို့ကို ထိခိုက်လို့သာ အော်နေတာပေါ့။သို့သော် တခုရှိတာကတော့ ဒီဟာတွေကို သူတို့ကို ထိခိုက်တာ၊ မထိခိုက်တာထက်။ ဒါတွေကို တောင်းဆိုခြင်းမပြုဘူး၊ ပစ်မှတ်ထားပြီးလုပ်တဲ့ အရေးယူပိတ်ဆို့မှုတွေမရှိဘူးဆိုရင် သူတို့က ချမ်းသာကြွယ်ဝသွားမယ်။ တိုင်းပြည်ကို ပိုပြီးတော့ ဂုတ်သွေးစုပ်နိုင်မယ့် အနေအထားမျိုးရှိလာမယ်ဆိုတာကို ကျနော်တို့ နားလည်းရမယ်။ အဲဒါကို ကျနော်တို့ကတော့ ဘာပဲပြောပြော သူတို့တွေ အော်သံတွေထွက်နေတာ တိုင်းပြည်မှာ ထိခိုက်ပါတယ်၊ နစ်နာပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးမှုတွေကို နှောင့်နှေးပါတယ်၊ ကြန့်ကြာပါတယ်လို့ ပြောနေခြင်းဟာ သူတို့ကို ထိခိုက်လို့သာ

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၇ မှ**

တော့ပဲ နိုင်ငံရဲ့ အခြေခံလိုအပ်ချက်တွေထဲက လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး လိုအပ်ချက်တွေကို ဖြည့်ဆည်းတာတွေ၊ civil society ကို အားကောင်းအောင် ချဲ့ထွင်တာတွေ လုပ်လာကြတာတွေရှိပါတယ်။ အချို့ကလဲ ဒါတွေကိုပဲ အချိန်ကုန်ခံပြီး ငြင်းခုန်နေကြပြန်တတ်ပါတယ်။ ပဋိပက္ခတွေပြီးဆုံးမှ ဒါတွေ လုပ်ရမယ်ဆိုတာတွေကလဲ အဓိပ္ပာယ်မရှိလှပါ။ ကျွမ်းနေတဲ့မီးလုံးကို လဲဖို့ ကြိုးစားသူတွေရှိနေချိန်မှာ ဖယောင်းတိုင်ထွန်းပြီး အလင်းပြပေးသူတွေလဲ ရှိဖို့လိုအပ်ပါတယ်။ မီးလုံးလဲသူတွေနဲ့ ဖယောင်းတိုင်ထွန်းသူတွေအားလုံးအချင်းချင်းငြင်းခုန်ရင်းအချိန်ကုန်နေစရာလဲမလိုအပ်ပါ။တိုင်းပြည်နဲ့ပြည်သူလူထုရဲ့ Needs နဲ့ Interests တွေကို ဖြည့်ဆည်းဖို့ ကြိုးပမ်းကြသူအချင်းချင်းမှာ ရေတိုရည်မှန်းချက်တွေကိုပဲ အကောင်အထည်ဖော်သည်ဖြစ်စေ၊ ရေရှည်ပန်းတိုင်ကိုပဲအရောက်သွားသည်ဖြစ်စေ ဘယ်သူမှမမှားပါ။ ဘယ်သူကမှလဲ ဘယ်သူထက်မှ ပိုပြီးမြင့်မြတ်သည်၊ ယုတ်ညံ့သည်မရှိပါ။ Deadlock အခြေအနေမှာ Reframing လုပ်တဲ့သဏ္ဍာန်တွေကတော့ အမျိုးမျိုး ကွဲပြားနေမှာပဲဖြစ်ပါတယ်။

စေ့စပ်ဆွေးနွေးမှုနဲ့ ပတ်သက်ပြီး နောက်ထပ် ချဉ်းကပ်တဲ့နည်းလမ်းတခုကတော့ Conflict Resolution Style Matrix ကိုအသုံးပြုခြင်းဖြစ်ပါတယ်။ ၁၉၆၀ ပြည့်နှစ်ကာလတွေမှာ Robert Blake နဲ့ Jane Mouton တို့က ပဋိပက္ခဖြေရှင်းခြင်းနဲ့ စေ့စပ်ဆွေး နွေးမှုတွေမှာ အသုံးပြုရတဲ့စတိုင်လေးမျိုးကိုဖော်ထုတ်ခဲ့ပါတယ်။ဒီစတိုင်လေးမျိုးကို forcing, problem solving, smoothing, withdrawal ဆိုပြီး အမည်ပေးခဲ့ကြပါတယ်။ (၁၉၇၀) ကာလတွေရောက်တော့ Kenneth Thomas နဲ့ Ralph Kilmann တို့က စတိုင်တွေကို ထပ်မံမွမ်းမံပြီး competing, collaborating, accommodating, avoiding, compromising ဆိုတဲ့ စတိုင် ငါးမျိုးကို ဖော်ထုတ်ခဲ့ပါတယ်။

ပုံမှာ ဖော်ပြထားချက်တွေအရ အလျားလိုက်မျဉ်းက ပူးပေါင်းဆောင်ရွက်မှု (cooperativeness) ကို ကိုယ်စားပြုပါတယ်။ ဒေါင်လိုက်မျဉ်းကတော့ assertiveness ကို ကိုယ်စားပြုပါတယ်။ assertiveness ကော၊ cooperativeness ကော နည်းနေတဲ့အခါ စေ့စပ်ဆွေးနွေးမှုစတိုင်က တဘက်နဲ့တဘက် ရှောင်ခြင်း (avoiding) ဖြစ်ပါတယ်။ assertiveness က မြင့်ပြီး၊ cooperativeness က အားနည်းနေရင်တော့ ပြိုင်ဆိုင်မှု (Competing) စတိုင်ဖြစ်လာပါတယ်။ cooperativeness က မြင့်ပြီး၊ assertiveness က နည်းနေရင်တော့ accommodating စတိုင်ဖြစ်ပြီး၊နှစ်ခုလုံးအသင့်အတင့်ဆိုရင်တော့ compromise လုပ်ကြပါတယ်။ နှစ်မျိုးစလုံးမြင့်မှသာပူးပေါင်းဆောင်ရွက်မှု (collabor ating) စတိုင်ကို ကျင့်သုံးလာကြတာပါ။

စေ့စပ်ဆွေးနွေးမှုတွေမှာ collaborating စတိုင် ကျင့်သုံးမှုဟာ ပြဿနာဖြေရှင်းတဲ့နည်းလမ်းကိုအသုံးပြုမှုနဲ့ဆင်တူပါတယ်။တဘက်နဲ့ တဘက်အကြားက တင်းမာမှုတွေ၊ အကျိုးစီးပွားတွေကို ထည့်သွင်းစဉ်းစားချက်မရှိပဲ ပြဿနာတခုကို ဘယ်လို ဖြေရှင်းကြမလဲဆိုတာကို နှစ်ဘက်စလုံးက စဉ်းစားကြတာဖြစ်ပါတယ်။ Competing စတိုင်ကျင့်သုံးမှုကတော့ hard bargaining နည်းလမ်း ကျင့်သုံးမှုပါပဲ။နှစ်ဘက်စလုံးက အပေးအယူ၊ အလျှော့အတင်း ပြုလုပ်လိုခြင်းမရှိကြပါဘူး။ accommodating စတိုင်ကတော့ Competing စတိုင်နဲ့ ဆန့်ကျင်ဘက်ပါ။ ကိုယ့်ဘက်က အကျိုးစီးပွားကို ထည့်သွင်းစဉ်းစားမှုထက် အခြားတဘက်ရဲ့ လိုလားချက်တွေကို ဦးစားပေးခြင်းဖြစ်ပါတယ်။

avoiding စတိုင်ကတော့ စေ့စပ်ဆွေးနွေးမှုကို တတ်နိုင်သမျှရှောင်ကြဉ်ခြင်းဖြစ်ပါတယ်။ ဘယ်လို ပဋိပက္ခမှာပဲဖြစ်ဖြစ် တဘက်က ဒီလို ရှောင်ကြဉ်တဲ့ နည်းလမ်းကို သုံးလာပြီဆိုရင် တခြားတဘက်က ဘယ်လောက်ပဲ စေ့စပ်ဆွေးနွေးမှုလုပ်ချင်ချင် အောင်မြင်မှာ မဟုတ်ပါဘူး။ လက်ခုပ်ဆိုတာ နှစ်ဘက်တီးမှမြည်ပါတယ်။ Compromising စတိုင်ကတော့ နှစ်ဘက်စလုံးက အပေးအယူ၊ အလျှော့အတင်း ပြုလုပ်ကြတာဖြစ်ပါတယ်။ ပဋိပက္ခကြီးရင် ကြီးသလောက် ဒီစတိုင်ကို အောင်မြင်စွာ အသုံးပြုနိုင်ဖို့ကလဲ ခဲယဉ်းလှပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒီစတိုင် ငါးမျိုးလုံးဟာ ပဋိပက္ခဖြေရှင်းရေးနဲ့ စေ့စပ်ဆွေးနွေးမှုတွေမှာ အခြေအနေနဲ့ အချိန်အခါပေါ်မူတည်ပြီး အသုံးဝင်မှုတွေရှိပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

**စာမျက်နှာ ၁၈ မှ**

အော်နေတာပေါ့။ နို့မို့ရင် သူတို့ဘာမှ အော်စရာမရှိဘူးလို့ ကျနော်တို့ ယူဆပါတယ်။ အဲဒီလိုပဲ ကျနော်ပြောချင်ပါတယ်။

ဦးကျော်ဇံသာ ။ ။ ဒါပေမဲ့ တဖက်ကကြည့်မယ်ဆိုရင် သူတို့ဟာ စီးပွားရေးပိတ်ဆို့မှုလုပ်တယ်ဆိုတာ တိုင်းပြည်ကို ထိခိုက်တယ်၊တိုင်းသူပြည်သားတွေကိုထိခိုက်ပါတယ်လို့ပြောနေတဲ့ဟာသူတို့ရဲ့စီမံခန့်ခွဲမှုညံ့ဖျင်းတာ၊ သူတို့ရဲ့မသမာမှုတွေအတွက် ရမယ်ရှာအကြောင်းပြနေတာ သူတို့ရဲ့ pretext ပေါ့။ တိုင်းပြည်မှာ မတိုးတက်တာသူတို့ကြောင့်ဆိုပြီးအကြောင်းပြစရာရမယ်ရှာစရာတခုရနေတယ်ဆိုရင်ကော။

ဦးဝင်းတင် ။ ။ သူတို့ရဲ့ အုပ်ချုပ်ရေးညံ့ဖျင်းမှု၊ ဘဏ္ဍာရေးစံနစ်မှားယွင်းမှုတွေကို ကာကွယ်ဖို့အတွက် ဒီ sanction တွေကို အကြောင်းပြနေတဲ့လို့ ဦးကျော်ဇံသာ မေးတာ အဲဒီသဘောလား။

ဦးကျော်ဇံသာ ။ ။ ဟုတ်ပါတယ်။

ဦးဝင်းတင်။ ။ ကျနော်တို့ပြောချင်တာက ဘယ်လိုလည်းဆိုတော့ အခု sanction အကြောင်းကို ပြောတဲ့အခါမှာ ဒီ sanction ကြောင့် ထိခိုက်တယ် သို့မဟုတ် ပြည်သူလူထုကို ထိခိုက်တယ်၊ သို့မဟုတ် တိုင်းရင်းသားများကို ထိခိုက်တယ်၊ သို့မဟုတ် တိုင်းပြည်ရဲ့ ဖွံ့ဖြိုးမှုကို ထိခိုက်တယ်ဆိုတဲ့ အချက်တွေဟာ မမှန်ပါဘူးလို့ပြောချင်ပါတယ်။ ဘာဖြစ်လို့မမှန်ဘူးလို့ ပြောချင်သလဲဆိုရင် တိုင်းပြည်တပြည်လုံးကို ကြည့်ပါ။ သူတို့ရဲ့ စီမံခန့်ခွဲမှုတွေက ညံ့ဖျင်းပါတယ်။ တိုင်းပြည်ကိုအုပ်ချုပ်တဲ့နေရာတွေမှာညံ့ဖျင်းပါတယ်။ စီးပွားရေးစံနစ်တွေ၊ ဈေးကွက်စီးပွားလိုပြောပေမယ့် လွတ်လပ်တဲ့ ဈေးကွက်စီးပွားရေးမဟုတ်ဘဲ လူတစုကသာ လက်ဝါးကြီးအုပ် ချယ်လှယ်နေတဲ့ စီးပွားရေးစံနစ်ဖြစ်နေပါတယ်။ နောက်တခုက ဘဏ္ဍာငွေ ခွဲဝေသုံးစွဲမှုနေရာတွေမှာ လည်း အများကြီးချို့ယွင်းနေပါတယ်။ နောက်တခါ တိုင်းပြည်အတွင်းမှာလည်း အာဏာတိလိုက်စားမှုတွေလည်း ကြီးမားစွာပေါ်နေပါတယ်။ အဲဒါတွေကြောင့် လူထုကိုထိခိုက်နေတာဖြစ်ပါတယ်။ အဲဒီလိုပဲ ပြောချင်ပါတယ်။ အဲဒီတော့ ဒါတွေက စီးပွားရေးပိတ်ဆို့မှုကြောင့် ဖြစ်ရတယ်လို့ သက်သေထူစရာထက် ဒါတွေထင်ထင်ရှားရှားမြင်နေရတာတော့ အခု ကျနော် ထောက်ပြခဲ့တဲ့ စစ်အစိုးရရဲ့ အုပ်ချုပ်ရေးညံ့ဖျင်းခြင်း အခြေအနေတွေကြောင့် ပေါ်ပေါက်ရတယ်လို့ ပြောလို့ရပါတယ်။

**ဆက်လက်ဖော်ပြပါမည်**

# အမေ့အိမ် အခမဲ့ ပညာသင်ကျောင်းဖွင့်ခွင့် သက်ဆိုင်ရာနှင့် ညှိနှိုင်းဆဲ

**DVB ။ ဂျန်နဝါရီ ၁၈ ။** ။ ရန်ကုန်တိုင်း လှိုင်သာယာမှာ မနေ့ကဖွင့်လှစ်လိုက်တဲ့ အမေ့အိမ်အခမဲ့ စာသင်ကျောင်းအတွက် မြို့နယ်ပညာရေးဦးစီးမှူးနဲ့ ဒီကနေ့သွားညှိရာ သဘောတူညီမှုမရခဲ့ဘူးလို့ သိရပါတယ်။

ဒီလို အခမဲ့ပညာသင်ကျောင်းဖွင့်တာဟာ သူတို့ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီမှုမရှိဘူးဆိုပြီး တားမြစ်နေတာလို့ဆိုပါတယ်။ ဒီကနေ့ လှိုင်သာယာမြို့နယ် ပညာရေးမှူးနဲ့ သွားရောက်ဆွေးနွေးခဲ့တဲ့ အကြောင်းကို ကျောင်းဖြစ်မြောက်ရေးစီစဉ်သူတဦးဖြစ်တဲ့ ကိုဖြိုးမင်းသိန်းက ပြောပြပါတယ်။

"သူတို့က ဒီပညာသင်နှစ်အတွက်တော့ သူတို့ ပုဂ္ဂလိက ကိုယ်ပိုင် ဘာသာရပ် သင်ပေးခြင်းမှတ်ပုံတင်ပေးတဲ့ ဥစ္စာတော့ ဒီနှစ်အတွက် မရှိတော့ဘူး။ ရှေ့နှစ်အတွက်တော့ ရှေ့နှစ်မှဖွင့်ပါပေ့ါ။ ဒီနှစ်အတွက် ပိတ်ထားပေးပါဆိုပြီး အကြောင်းကြားပေးတာပါ။"

အခမဲ့ ပညာသင်ကြားမှုနဲ့ ပတ်သက်ပြီးတော့ အစိုးရမူလတန်းကျောင်းတွေနဲ့ ပညာရေးဝန်ကြီးဌာနကနေ စာအုပ်စာတမ်းကူညီပံ့ပိုးမှုတွေကို သူတို့ ပညာရေးဝန်ကြီး ဌာနတွေကပဲ ဆောင်ရွက်နေပါတယ်လို့ ပြောတယ်။ အဲဒီအတွက် ကျနော် ဒီနေ့ သွား ဆွေးနွေးတဲ့အချိန်မှာ ကျနော်တို့ လက်ရှိအခြေအနေမှာ လှိုင်သာယာမှာ ကျောင်းမနေနိုင်တဲ့ကလေးတွေ၊ အတန်းရှိနေပြီးသား စာကိုကောင်းကောင်းမွန်မွန် မဖတ်တတ် မရေးတတ်သေးတဲ့ ကလေးတွေ တွေ့နေရတယ်။ အဲဒီအတွက် ဒီအခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့ ကျနော်တို့ကပညာဒါနပြုတာပါ။ အဲဒီအခြေအနေကို ပြောပြထားပါတယ်။

"သူတို့က ကျနော်တို့ကို မူဘောင်နဲ့ ကိုက်ညီခြင်းမရှိလို့ သင်ကြား ခြင်းမပြုဖို့ပြောပါတယ်။ ကျနော်တို့ကလည်း မူဘောင်နဲ့ ကိုက်ညီအောင်ဆောင်ရွက်သွားမယ်၊ တဖက်ကလည်း ကျနော်တို့ ပညာသင်ကြားရေးကိစ္စတွေကို ဆက်လက်ဆောင်ရွက် နေမှာပါလို့ပြောခဲ့ပါတယ်။"

ဒီကနေ့ ဆွေးနွေးတာ နှစ်ဘက်သဘောတူမှုမရခဲ့တဲ့အတွက်မနက်ဖြန် ဆက်လက်ဆွေးနွေးဖို့ မြို့နယ်ပညာရေးမှူးက ဆင့်ခေါ်ထားတယ်လို့လည်း သူက ပြောပါတယ်။ ဒ့ါအပြင် တရားဝင် မူလတန်းကျောင်းဖြစ်လာရေးအတွက် သက်ဆိုင်ရာနဲ့ ညှိနှိုင်း ဆောင်ရွက်သွားမှာဖြစ်တယ်လို့လည်း ကိုဖြိုးမင်းသိန်းက ပြောပါတယ်။

"အတန်းတင်စာမေးပွဲတို့ ဘာတို့စစ်ဆေးဖို့အတွက်မူလတန်းကျောင်း တကျောင်းအဖြစ် ရပ်တည်ဖို့ဆိုရင် ကျနော်တို့က အခြေခံပညာဦးစီးဌာနနဲ့ ညှိနှိုင်းပြီးတော့ ဘယ်လိုစာမေးပွဲစစ်မှုကို ဘယ်လိုလုပ်ရမယ်၊ ဘယ်မူလတန်းကျောင်းနဲ့ ချိတ်တွဲလုပ်ရမယ်ဆိုတဲ့အပိုင်းကို ညှိနှိုင်းရမှာပါ။ အဲဒီအခြေအနေတွေ မရှိသေးတော့ ဒါဟာ ကျူရှင်သဘော၊ မွမ်းမံသင်ကြားပေးတဲ့သဘောမျိုးအနေနဲ့ပဲ ကျနော်တို့က ၂ လလောက်ကို ရပ်တည်သွားမှာဖြစ်ပါတယ်။"

အခုလောလောဆယ် ကျောင်းသား ၁၀၀ ကျော်လောက်ကို ဆရာဆရာမ ၁၀ ဦးနဲ့ သင်ကြားပေးနေတယ်လို့ဆိုပါတယ်။ ဒ့ါအပြင် ၁၀ တန်းကျောင်းသားတွေအတွက် အနီးကပ် သင်ကြားပေးတာနဲ့ နွေရာသီအင်္ဂလိပ်စာသင်တန်းဖွင့်လှစ်နိုင်ရေးအတွက်လည်း စီစဉ်နေတယ်လို့ ကိုဖြိုးမင်းသိန်းက ပြောပါတယ်။ ဒီအမေ့အိမ်အခမဲ့ စာသင်ကျောင်းကို ဒေါ်အောင်ဆန်းစုကြည်ရဲ့ ညွှန်ကြားချက်နဲ့ ဆောင်ရွက်တာလို့ သိရပါတယ်။


Voice of Burma

APTO 502
7-18-1 Takinogawa
Kita Ku, Tokyo
Japan. 114 - 0023

Tel/Fax: 81 3-3949-3919
E-mail: sayarkway@yahoo.com
koko@gol.com

၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

AIR MAIL

PRINTED MATTER